ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ သောကြာနေ့၊ (5-6-2015) (စ၂၂၂)

အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှိုး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှိမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းအမှတ်များ ဇွန် ၈ ရက်မှစ၍ နေ့ချင်းပြီး ထုတ်ယူနိုင်

ရန်ကုန် ဇွန် ၄

၂၀၁၅ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၆ ရက်(စနေနေ့) နံနက် ၆ နာရီတွင် ထုတ်ပြန်မည့်အပြင် အွန်လိုင်းမှလည်း တစ်ပြိုင်တည်း ကြေညာပေးမည်ဖြစ်သည်။ ထို့ပြင် အမှတ်စာရင်းများကိုလည်း ဇွန် ၈ ရက်(တနလင်္ဂနေ့) မှစ၍ ထုတ်ယူနိုင်သည်ဟု မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်က ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း စင်ကာပူနိုင်ငံသို့ရောက်ရှိ

စာမျက်နှာ - ၃

မြန်မာအသင်း အိမ်ရှင်စင်ကာပူကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရ

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပွဲစဉ်တွင် မြန်မာယူ-၂၃ ဘောလုံးအသင်းက အိမ်ရှင်စင်ကာပူ ယူ-၂၃ ဘောလုံးအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အတူ မြန်မာအသင်းနှင့် တာဝန်ရှိသူများ ဂျာ်သို့ အောင်ပွဲခံခဲ့သည်။ *(သတင်း - ကျောဖိုး)* (ဓာတ်ပုံ - MFF)

ကြေးမုံ စာတည်းရုံးထောင့် ၅-၆-၂၀၁၅၊ သောကြာနေ့

ပြည်သူများအတွက်ပတ်ဝန်းကျင်

နှစ်စဉ် ဇွန်လ ၅ ရက်(ယနေ့)ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ထားသည်။ ကမ္ဘာကြီး၏ ယနေ့တည်ရှိနေသည့် သဘာဝပတ်ဝန်းကျင်အား ယိုယွင်းပျက်စီးနေသော အခြေအနေမှ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ကြရန် မီးမောင်းထိုးပြသည့် နေ့တစ်နေ့ဟု ဆိုနိုင်ပါသည်။

၅၂နေ့၅၂ရက်ကို ထိန်းသိမ်းစောင့်ရှောက်ကြပါဟုဆိုငြားလည်း အမှန်တကယ်တွင် ရက်ပေါင်း ၃၆၅ ရက်နှင့် ၄ နာရီပတ်လုံး ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ တာဝန်သိပြည်သူများနှင့် တာဝန်ရှိသူများဘက်မှ နေ့တစ်နေ့၊ တစ်နာရီ ထိန်းသိမ်းစောင့်ရှောက်မှု လစ်ဟင်းသည်နှင့် ယိုယွင်းပျက်စီးမှုများနိုင်သည်ကို ယနေ့တိုးတက်သည့်ခေတ်၌ အလွယ်တကူသိနိုင်ပါသည်။

လူသားများအပါအဝင် သက်ရှိအားလုံး မှီခိုကြီးပြင်းရာ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများမှာ ရာသီဥတုဖောက်ပြန်မှုနှင့် လူဦးရေထူထပ်လာမှုကြောင့်ဟု ဆိုကြပါသည်။ လူဦးရေတိုးပွားလာခြင်းသည် သစ်တောခြေပတ်ဝန်းကျင်ကို ကျဉ်းမြောင်းလာစေပါသည်။ သစ်တော၊ သစ်ပင်နည်းပါးလာခြင်းသည် ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဆက်စပ်လာပါသည်။

လူဦးရေတိုးပွားခြင်းသည် သဘာဝတရားပင်ဖြစ်သော်လည်း လျှော့နည်းသွားသော သစ်တော၊ သစ်ပင်များအား ပြန်လည်ဖြည့်ဆည်းရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန် မိမိတို့အားလုံးတွင် တာဝန်ရှိပါသည်။ လူသားတို့ လိုအပ်ချက်အတွက် တိုးတက်တည်ဆောက်လာသော ရုပ်ကြွင်းလောင်စာစက်ရုံ၊ အလုပ်ရုံများမှ ထုတ်လွှတ်သည့် ကာဗွန်ဓာတ်ငွေ့များသည် ရာသီဥတုဖောက်ပြန်ခြင်းကို ဖြစ်စေနိုင်ရာ ယင်းတို့ကို သစ်တော၊ သစ်ပင်များကပင် ကာကွယ်ပေးနိုင်သည်ကို သတိမူရမည်ဖြစ်ပါသည်။

လက်ရှိတွင် ခရမ်းလွန်ရောင်ခြည် ကမ္ဘာမြေသို့ အဆီးအတားမရှိရောက်ရှိခဲ့၍ ပြည်သူများ မည်သို့ခံစားရသည်ကို သတိထားကြရမည်ဖြစ်ပါသည်။ မကြာသေးမီရက်ပိုင်းအတွင်းက အိန္ဒိယနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းခဲ့ရပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်

ထို့ကြောင့် တစ်ဖက်တွင် သစ်ပင်များပြန်လည်စိုက်ပျိုးမှုကို အားထုတ်လာကြသလို စက်မှုနိုင်ငံအများစုက ကာဗွန်ထုတ်လွှတ်မှုကို တဖြည်းဖြည်းလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လာကြသည်ကို တွေ့ရပါသည်။ ဗုဒ္ဓစာပေမှ "ရေကြောင့်ဖြစ်သော ရွံ့ညွန်ကို ရေဖြင့်ပင်သန့်စင်ရသကဲ့သို့ စိတ်ကြောင့်ဖြစ်သော အကုသိုလ်အညစ်များကို စိတ်ဖြင့်ပင် သန့်စင်ဆေးကြောရ၏" ဆိုစကားကဲ့သို့ လူကြောင့်ဖြစ်သောပျက်ယွင်းမှုကို လူတို့ကပင် ပြန်လည်ကုစားရမည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင် သစ်တော၊ သစ်ပင်များသည် သက်ရှိလူသားအားလုံး မှီခိုအားထားရာ ကျေးဇူးရှင်များဖြစ်ပါသည်။ သစ်တော၊ သစ်ပင်များ၏ အကျိုးကျေးဇူးကို မျက်ကွယ်ပြု၍ မိမိအကျိုးစီးပွားတစ်ခုတည်းအတွက် အသုံးချမည်ဆိုပါက လူသားမျိုးနွယ်တစ်ရပ်လုံးအား ပျက်သုဉ်းအောင် ဖန်းတီးလုပ်ဆောင်ခြင်းဟု ကြီးကြီးကျယ်ကျယ်ဆိုရမလိုဖြစ်နေပါသည်။ ထိုသို့ဆိုရလောက်အောင်လည်း လက်ရှိတွင် ဖြစ်ပျက်နေသည်မဟုတ်ပါလော။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတကာတွင် အရေးတကြီးလုပ်ဆောင်လာသည်ကို တွေ့ရပါသည်။ အနီးဆုံးအနေဖြင့် အိမ်နီးချင်းနိုင်ငံများတွင် ငွေကုန်ကြေးကျခံ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်နေပါသည်။ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ပြီးသား မိမိတို့နိုင်ငံတွင်လည်း အလေးအနက်ထား ထိန်းသိမ်းစောင့်ရှောက်ကြမည်ဟု မျှော်လင့်ထားပါသည်။ ။

ပြည်သူလူထုကျန်းမာရေးအသိပညာတိုးတက်စေရန် အသိပညာပေးမှုများ တက်ကြွစွာပြုလုပ်

မန္တလေး ဇွန် ၄

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူများကျန်းမာရေးဆိုင်ရာ အသိပညာများကြွယ်ဝနေရန်လိုအပ်သည်။ လက်ရှိကာလတွင် ပြည်သူများ ကျန်းမာရေးအသိပညာရရှိစေရန် လူအများနှင့်သက်ဆိုင်သော နေရာများမှအစ ကျေးလက်ဒေသများနှင့် ပွဲလမ်းသဘင်များတွင်ပါ အသိပညာဖြန့်ဖြူးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျောက်စိမ်းစေတီထီးတော်တင်လျှပ္ပဲအခမ်းအနား ပျော်ပွဲရွှင်ပွဲများတွင် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဝေဒုကာကျန်းမာရေးအသိပညာပေးလျက်ရှိသည်။ အဓိကအားဖြင့် တီဘီရောဂါ၊ HIV ရောဂါပိုး၊ AIDS ရောဂါ အကြောင်း၊ အသည်းရောင်ရောဂါ ဘီပိုး၊ စီပိုးများ အကြောင်းနှင့် ကာကွယ်နည်းများကိုပါ ပညာပေးဟောပြောခဲ့သည်။

ပြည်သူများ စိတ်ဝင်စားမှုရှိစေရန် စာစောင်များဝေဒုသလို ဉာဏ်စမ်းသုတများကိုမေးမြန်းကာ ဖြေနိုင်ပါက ပိုက်ဆံအိတ်များ လက်ဆောင်ပေးခြင်း၊ စာအုပ်များလက်ဆောင်ပေးခြင်းတို့ကိုပါပြုလုပ်သည့်အတွက် ပွဲတော်လာပရိသတ်များ စိတ်ဝင်စားကြသည်။ "သင်နှင့်သင့်မိသားစုအတွက် အရေးကြီးသော သတင်းစကား"ခေါင်းစဉ်ဖြင့် အသိပညာပေးရာတွင် ချောင်းဆိုးခြင်း၊ ချောင်းဆိုးလျှင်သွေးပါခြင်း၊ ကိုယ်အလေးချိန်လျော့နည်းပိန်ချုံးခြင်း၊ တင်ငွေ့ငွေ့ဖျားခြင်း၊ ညဘက်တွင် ချွေးအလွန်အကျွံထွက်ခြင်း၊ လည်ပင်း၊ ချိုင်း သို့မဟုတ် ပေါင်ခြံတွင် အကျိတ်ထွက်ခြင်းများရှိခဲ့ပါက တီဘီရောဂါ တစ်ခုခုဖြစ်နိုင်သည့်အတွက် ရောဂါရှာဖွေခြင်း၊ ကုသခြင်းများကို အလွယ်တကူပြုလုပ်နိုင်ရန်နေရာနှင့် ဖုန်းနံပါတ်များကိုပါ ထည့်သွင်းဖော်ပြပေးထားသည်။

"အေအိုင်ဒီအက်စ်ရောဂါကင်းဝေးရေး သင်ကိုယ်တိုင်သင့်မိသားစုနှင့် ပတ်ဝန်းကျင်အတွက် စဉ်းစားပေး" ခေါင်းစဉ်ဖြင့် အသိပညာပေးရာတွင် ရောဂါပိုးကူးစက်နိုင်ပုံကို ပုံစာများဖြင့် ပြသပေးထားပြီး ရှင်းပြကာ ကျန်းမာရေးဝန်ဆောင်မှုများ ပြုလုပ်ပေးခဲ့သည်။ ပွဲတော်လာပရိသတ်များ ကလည်း လက်ကမ်းစာစောင်များကို ဖတ်ရှုခြင်း၊ ဗဟုသုတမေးခွန်းများကို ဖြေကြားခြင်းများပြုလုပ်ခဲ့ကြပြီး အခမဲ့ လက်ဆောင်ပေးသော ယပ်တောင်နှင့် စာအုပ်များကိုရယူကြောင်း၊ ယင်းသို့ ပညာပေး လုပ်ဆောင်ခြင်းသည် ပြည်သူလူထုအတွက်အကျိုးပြုသော အစီအမံတစ်ခုဖြစ်ကြောင်း ဒေသခံ တစ်ဦးက ပြောပြသည်။

(တိမ်တမန်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၄

ရန်ကုန်	ရွှေဈေး	၃၂၂၇၀၀	- ၃၂၃၇၀၀
မန္တလေး	ရွှေဈေး	၃၂၂၅၀၀	- ၃၂၃၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၉၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၇၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၇၁၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(ခ)	ဥရောပ	တစ်ယူရို	= ၁၂၃၅. ၆
(ဂ)	တရုတ်	တစ်ယွမ်	= ၁၇၇. ၀၀
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၂. ၅၉၁
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၇. ၂၅
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၇. ၁၁၇
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၈၂. ၂၂
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၉. ၀၇၄
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၅၂. ၅၅
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၈၁၆. ၄၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်
သတ်မှတ်ရည်ညွှန်းနှုန်း

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အမည်ပြောင်း

နောင်ချိမြို့ အထက(၃)ဒသမတန်း(ဂ)မှ အဖဦးဖိုးကျော်(ခ) ဦးအောင်ကျော်ထူး၏ သမီးဖြစ်သူ မနှင်းသီတာကျော်အား မအေးသီတာကျော်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

မအေးသီတာကျော်

အမည်မှန်

နောင်ချိမြို့ ဘူတာရပ် အကွက်(၂)၊ နယ်မြေ(၆)မှ ဦးဖိုးကျော် ၁၃/နခတ(နိုင်)၀၆၆၇၂၉ ၏ အမည်မှန်မှာ ဦးဖိုးကျော်(ခ) ဦးအောင်ကျော်ထူးဖြစ်ပါကြောင်း။

ဦးဖိုးကျော်(ခ)ဦးအောင်ကျော်ထူး

ဦးမောင်လှိုင်၊ ဦးကံမြင့်
(ရာထူး၀င်ခွင့်သင်တန်းများ)

ပြည်ထောင်စုရာထူး၀န်အဖွဲ့၊ ၀န်ကြီးဌာနအာဏီးသီးမှ
ခေါ်ဆိုထားသောရာထူးများအားလုံး အတွက်
ပုံမှန်တန်းခွဲများဖွင့်ပြီး (အင်္ဂလိပ်စာ/တရားဥပဒေ ပုံမှန်တန်းခွဲများ ရှိသည်။)
အမှတ် ၁၅၉ ဒု-ထပ်(ယာ)၊ ဂုစလမ်း(အလယ်)ကျောက်တံတားမြို့နယ်၊
ဖုန်း- ၀၉၅၀ ၉၃၆၇၄၊ ၀၉ ၇၃၂၄၃၁၀၅

ကျန်းမာရေး၀န်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
ရောဂါတိုတိုင်းဒေသကြီး
ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရောဂါတိုတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့်ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ စျေးနှုန်းတင်သွင်းလွှာပုံစံများ
- စတင်ရောင်းချမည့်ရက် - ၂၅-၅-၂၀၁၅ ရက်
- တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၆-၂၀၁၅ ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများ အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့
ဖုန်း-၀၄၂-၃၀၄၉၂

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း စင်ကာပူနိုင်ငံသို့ရောက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ယနေ့ နံနက် ၈ နာရီခွဲတွင် ထွက်ခွာသွားသည်။

ဒုတိယသမ္မတအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတသည် စင်ကာပူနိုင်ငံ ချန်ဂီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခန့်တွင် ရောက်ရှိရာ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်၊ စင်ကာပူအားကစားအဖွဲ့ ဒုတိယအမှူဆောင်အရာရှိချုပ် ကယ်လ်ဗင်ဖူး၊ မြန်မာသံရုံးတာဝန်ရှိသူများနှင့် သံရုံးမိသားစုများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။**(ဝဲပုံ)**

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်သို့ သွားရောက်၍ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆီးဂိမ်း (SEA Games) ဟု လူသိများထင်ရှားသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (Southeast Asian Games) ကို ၁၉၅၉ ခုနှစ်မှစ၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပထမဆုံးအကြိမ်ကျင်းပခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲသည် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံကြား နှစ်နှစ်တစ်ကြိမ်အလှည့်ကျ ကျင်းပသည့် အားကစားပြိုင်ပွဲတစ်ခုဖြစ်ပြီး ယခုနောက်ပိုင်း တီမောလက်စ်တေနိုင်ငံလည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့သည်။ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ဆင်ယင်ကျင်းပပုံများသည် ဆီးဂိမ်းပြိုင်ပွဲသမိုင်းတစ်လျှောက် ခမ်းနားထည်ဝါမှုရှိခဲ့သည်။

ယခု စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်းအချို့ကို မေ ၂၉ ရက်က စတင်ကျင်းပနေပြီး ဇွန် ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ယခုပြိုင်ပွဲ၌ အိုလံပစ်အားကစားနည်းနှင့် ဒေသတွင်းရိုးရာအားကစားနည်းများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူကလေးသူငယ်များအား ပြန်လည်နှုတ်ထွက်ခွင့်ပြု၍ မိဘများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၄

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ အရွယ်မရောက်သေးသူ ကလေးသူငယ် ၅၁ ဦး စစ်ဆေးတွေ့ရှိသဖြင့် ၎င်းတို့၏မိဘများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်သန်းစိုးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော UNICEF၊ UNHCR၊ ILO၊ Save the Children၊ World Vision၊ World Food Programme၊ UNDP တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်လည်နုတ်ထွက်ခွင့်ကလေးသူငယ် ၅၁ ဦးနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တောက်ထွန်းနှင့် CTFMR မှ ဒေါ်စုစုသာထွန်း (Senior Advisor on Peace building, Recovery and Development) ကုလသမဂ္ဂဌာနေ ညီနှိုင်းရေးမှူးရုံး(UNRC)တို့က အမှာစကားပြောကြားကြသည်။ ထို့နောက်တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့်လက်မှတ်နှင့် (၁၀)နှစ်မှ(၁၈) နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူတို့က ပေးအပ်ခဲ့ပြီး ကလေးများအား မိဘ (သို့မဟုတ်) အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားပြီးနောက် ကလေးများနှင့် မိဘများကို မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က စီစဉ်ထားသောကြားကာလပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်က ပို့ဆောင်ပေးခဲ့ပြီး စခန်းတွင် မိဘများနှင့်အဆက်အသွယ်မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှုရှိ/မရှိ စစ်ဆေး၍ လိုအပ်ပါက ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန် ဆန္ဒရှိပါက ကျောင်းပြန်တက်ရန်၊ ကျောင်းပြင်ပ ပညာသင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိပါက မျှတသော အလုပ်အကိုင်ရရှိနိုင်ရန် လိုအပ်သည့်ကျွမ်းကျင်မှုများ သင်ယူရန် ဖြစ်နိုင်ခြေများဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများ ဝေဌခြင်း၊ အိမ်အပြန်ခရီးစရိတ်နှင့်စားစရိတ်စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ထိုကဲ့သို့ မိဘများထံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရန်ကုန်) ၌ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ၄၂ ဦး၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ၂၄ ဦး၊ ၂၀၁၃ ခုနှစ် ဇူလိုင် ၇ ရက်တွင် ၄၂ ဦး၊ ၂၀၁၃ ခုနှစ် သြဂုတ် ၇ ရက်တွင် ၆၈ ဦး၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ၉၆ ဦး၊ ၂၀၁၄ ခုနှစ် သြဂုတ် ၁ ရက်တွင် ၉၁ ဦးနှင့် ရန်ကုန်မြို့ မြဝတီစာပေတိုက်ခန်းမ၌ ၂၀၁၄ ခုနှစ် စင်တင်ဘာ ၂၅ ရက်တွင် ၁၀၉ ဦး၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ၈၀ ၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင်[စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရန်ကုန်)]၌ ၄၂ ဦး၊ ယခု ဒသမအကြိမ်အဖြစ် ၅၁ ဦး စုစုပေါင်း ၆၄၅ ဦးအထိ လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၂၃ ရက်တွင် ၁၈ လတာလုပ်ငန်းစီမံချက်ကို (UNCTFMR) နှင့် လက်မှတ်ရေးထိုးအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစီမံချက်သက်တမ်းအား ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၈ရက်တွင် ပထမအကြိမ် ခြောက်လ၊ ၂၀၁၄ခုနှစ် ဇွန် ၂၈ရက်တွင် ဒုတိယအကြိမ် ခြောက်လသက်တမ်းတိုးမြှင့်လုပ်ဆောင်ခဲ့သည်။

တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်စစ်သည်များ တပ်မတော်အတွင်း၌လုံးဝ မကျန်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား လုံးဝ စုဆောင်းခြင်းမပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိသည့်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် အကုန်ထိ တာဝန်ရှိသူ အရာရှိ ၅၀ နှင့်စစ်သည် ၂၇၇ ဦး စုစုပေါင်း ၃၂၇ဦးအား စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

❖ရှေ့ဖုံးမှ

အမှတ်စာရင်းများကို နေပြည်တော် ရုံးအမှတ် (၅၂) မြန်မာနိုင်ငံစာစစ်ဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရန်ကုန်ရုံးခွဲ) လိုင်တက္ကသိုလ်ဝင်း ဇွဲကပင်ဆောင်တို့တွင် ရုံးချိန်အတွင်း အမှတ်စာရင်းထုတ်ယူခွင့်လျှောက်လွှာကို ၂၀၀ ကျပ်ဖြင့်ဝယ်ယူကာ ပညာရေးဝန်ကြီးဌာနတံဆိပ်ခေါင်း ၂၀၀ကျပ်တန် ကပ်၍ လိုအပ်ချက်များဖြည့်စွက်ပြီး နေ့ချင်းပြီး ထုတ်ယူနိုင်သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို www.moemyanmar.net တွင် ကြည့်ရှုနိုင်မည့်အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့်မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများတွင်လည်း တစ်ချိန်တည်း ကပ်ထားမည်ဖြစ်သည်။ မြို့နယ်အလိုက် အောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများတွင် ကြေညာပေးမည်ဖြစ်သည်။ ထို့ပြင် ခရိုင်အလိုက် အောင်စာရင်းများကို သက်ဆိုင်ရာခရိုင် ပညာရေးမှူးရုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးရုံးတို့တွင် စုံစမ်းမေးမြန်းနိုင်သည်။

၂၀၁၅ ခုနှစ် မတ်လတွင် ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်လျှောက်ထားသူ ၆၃၂၃၁၄ ဦးအနက် ၅၉၇၉၄၆ ဦး ဖြေဆိုခဲ့သည်။

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စုစုပေါင်းဖြေဆိုသူ ၅၄၁၉၄၆ ဦးအနက် အောင်မြင်သူ ၁၇၁၆၄၇ ဦးရှိပြီး အောင်ချက်ရာနှုန်းမှာ ၃၁ ဒသမ ၆၇ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ဂါနာနိုင်ငံတွင် ဓာတ်ဆီဆိုင်မီးလောင် လူ ၉၀ ကျော်သေဆုံး

အက္ကရာ ဇွန် ၄

ဂါနာနိုင်ငံ မြို့တော်အက္ကရာတွင် ဓာတ်ဆီဆိုင်တစ်ဆိုင်၌ မီးလောင်မှုဖြစ်ပွားရာ လူ ၉၀ ကျော် သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းများအရ သိရသည်။

အဆိုပါ ဓာတ်ဆီဆိုင် အနီးဝန်းကျင်ရှိ အိမ်တစ်အိမ် မီးလောင်ရာမှ မီးကူးစက်ခဲ့ခြင်း သို့မဟုတ် ကုန်တင်ကားဂိတ်တစ်ခု မီးလောင်ရာမှ ကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက ပြောသည်။ ဖြစ်စဉ်အမှန်ကို ယခုထိတိုင် မသိရသေးပေ။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဓာတ်ဆီဆိုင်မီးလောင်သည့် အချိန်တွင် ဓာတ်ဆီဆိုင်အတွင်း လူအများအပြား မိုးခိုနေကြသည်။ မြို့တော်အတွင်း နှစ်ရက်ကြာရွာသွန်းခဲ့သည့်မိုးကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ကာ လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး လူနေအိမ်အများအပြား ဆုံးရှုံးခဲ့ရသည်။

'မိုးတွေရွာတဲ့အချိန် ဓာတ်ဆီဆိုင်ထဲမှာ လူတွေမိုးခိုနေကြတယ်။ အဲဒီအချိန်မှာ ဆီဆိုင်မီးလောင်မှုဖြစ်သွားခဲ့တယ်'ဟု ဒေသခံမျက်မြင်တွေ့ရှိသူတစ်ဦးက ဆိုသည်။

ဂါနာသမ္မတ ဂျွန်မာဟာမာက အခင်းဖြစ်ပွားရာသို့ လာရောက်ကြည့်ရှုပြီး ကယ်ဆယ်ရေးလုပ်သားများကို ချီးမွမ်းစကားဆိုကာ သေဆုံးသွားသူများအတွက် အလွန်ပင်ဝမ်းနည်းကြေကွဲကြောင်း ပြောသည်။ **ရိုက်တာ။**

မောရစ်သျှနိုင်ငံက
အေမီနတ်ခ်ဂူရက်ဘ်ဖာကင်အား ပထမဆုံးသော အမျိုးသမီးသမ္မတအဖြစ် ခန့်အပ်

ပို့လူးဝစ် ဇွန် ၄

မောရစ်သျှလွှတ်တော်က ဇွန် ၄ ရက်တွင် ကျွန်းနိုင်ငံလေး၏ သမ္မတသစ်အဖြစ် အေမီနတ်ခ်ဂူရက်ဘ်ဖာကင်အား ခန့်အပ်လိုက်ပြီဖြစ်သည်။ အေမီနတ်ခ်သည် မောရစ်သျှနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးသမ္မတ ဖြစ်လာသည်။

အေမီနတ်ခ်အား သမ္မတအဖြစ်ရွေးချယ်ရန် ဝန်ကြီးချုပ် အန်နာရွတ်ဂျူဂဗနောက် တင်သွင်းသည့်အဆိုကို လွှတ်တော်တွင် တညီတညွှတ်တည်းအတည်ပြုခဲ့ခြင်းဖြစ်သည်။ "ဒါဟာ မောရစ်သျှနိုင်ငံသမိုင်းမှာ အမျိုးသမီးတစ်ဦး ဒီလိုသမ္မတရာထူးနေရာ ရောက်ရှိတာ ပထမဆုံးအကြိမ်ပါ" ဟု သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသူနာမည်ကြီး ဇီဝဗေဒပညာရှင် အေမီနတ်ခ်အား ချီးကျူးဂုဏ်ပြုခဲ့သည့် လွှတ်တော်ဥက္ကဋ္ဌ ဟန်နီမန်ဂျီးမာယာက ပြောကြားသည်။

ဝန်ကြီးချုပ် ဂျူနောက်ကလည်း သူ့အနေဖြင့် သမိုင်းဝင်အပြောင်းအလဲအတွက် ဂုဏ်ယူကြောင်း ပြောကြားပြီး အေမီနတ်ခ်သည် သမ္မတတာဝန်ထမ်းဆောင်ရန် စွမ်းဆောင်ရည်ရှိကြောင်း ဆိုလိုက်သည်။ အေမီနတ်ခ်သည် ၁၉၉၂ ခုနှစ်တွင် မောရစ်သျှကျွန်းနိုင်ငံလေး သမ္မတနိုင်ငံဖြစ်လာချိန်ကတည်းက နိုင်ငံ၏ခြောက်ဦးမြောက် သမ္မတအဖြစ် ဇွန်လ ၅ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။ **ဆင်ဟွာ။**

ဆန္ဒပြသူများသေဆုံးသည့်အမှု မူဘာရက်ကို ပြန်လည်တရားရုံးတင်စစ်ဆေးမည်

ကိုင်ရို ဇွန် ၄

အီဂျစ်နိုင်ငံ၏ အယူခံတရားရုံးက ၂၀၁၁ ခုနှစ် ဆန္ဒပြသူများ သေဆုံးရသော အမှုနှင့်ပတ်သက်၍ သမ္မတဟောင်း ဟော့စနီမူဘာရက်ကို တရားရုံးတော်၌ ပြန်လည်စစ်ဆေးရန် ယနေ့ အမိန့်ထုတ်လိုက်သည်။

အစိုးရအား ဆန့်ကျင်အုံကြွမှုဖြစ်ပွားသည့်ကာလအတွင်း လူ ၈၀၀ သေဆုံးခဲ့ရသည့်အတွက် ၎င်းအား ထောင်ဒဏ်တစ်သက် ကျခံစေရန် ကနဦးအမိန့်ထုတ်ပြန်ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်တွင် တရားရုံး၌ ပြန်လည်စစ်ဆေး၍ အမှုမှလွှတ်ပေးခဲ့သည်။

အဂတိလိုက်စားမှု ကျူးလွန်သည့်အတွက် သီးခြားအမှုအဖြစ် ထောင်ဒဏ်သုံးနှစ်ကျခံစေရန် တရားရုံးက ယခုနှစ်တွင် အမိန့်ချထားသည်။

အသက် (၈၇) နှစ်ရှိပြီဖြစ်သော မူဘာရက်သည် ကိုင်ရိုမြို့ရှိ "မာဒီ' စစ်ဆေးရုံတွင် ရှိနေသည်။

တရားသူကြီးက မူဘာရက်ကို နိုဝင်ဘာလတွင် တရားရုံး၌ ပြန်လည်စစ်ဆေးမည်ဟုပြောသည်။ ယခုအကြိမ်သည် ၎င်းအား တတိယအကြိမ်မြောက် တရားရုံးတင်ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ် ဇွန်လတွင် ဆန္ဒပြသူများကို သတ်ဖြတ်ရာ၌ ပူးပေါင်းကြံစည်မှုဖြင့် မူဘာရက်ကို ထောင်ဒဏ်တစ်သက်စီရင်ချက်ချပြီး နောက်နှစ်တွင် တရားရုံးတင်ပြန်လည်စစ်ဆေးရန် အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမိန့်ကြောင့် ကန့်ကွက်ဆန္ဒပြမှုများ ပေါ်ပေါက်လာသော တာဟီရာရင်ပြင်အနီးတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့သည်။

မူဘာရက်သည် အီဂျစ်နိုင်ငံကို နှစ်ပေါင်း ၃၀ ကြာအုပ်ချုပ်ခဲ့ရာမှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီတွင် လူထုဆန့်ကျင်အုံကြွမှုကြီး ဖြစ်ပေါ်လာသဖြင့် သမ္မတရာထူးမှ ဖယ်ရှားပေးခဲ့ရသည်။ **ရိုက်တာ။**

ဝါရှင်တန် ဇွန် ၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ထိပ်တန်းအရာရှိဟောင်း ချဒ်ဘလေဇာက ၎င်းနှင့်အခြားသောအမှုဆောင်အရာရှိများသည် ၂၀၁၀ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် တောင်အာဖရိကနိုင်ငံကို ရွေးချယ်ခြင်းနှင့် ပတ်သက်၍ လာဘ်ငွေများ လက်ခံရယူကြရန် သဘောတူခဲ့ကြပါသည်ဟု ဝန်ခံလိုက်ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

၎င်းအမေရိကန် နိုင်ငံသားက ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် ပတ်သက်၍လည်း လာဘ်ယူခဲ့ကြောင်း ပြောသည်။

၎င်းသည် ၂၀၁၃ ခုနှစ် အမေရိကန်ပြည်ထောင်စု၌ ကြားနာစစ်ဆေးရာတွင် စွပ်စွဲချက်(၁၀)ချက်ကို ကျူးလွန်ကြောင်း ဝန်ခံပြီး အပြစ်ရှိကြောင်း ထွက်ဆိုချက်များမှ ကူးယူထုတ်ပြန်သော မိတ္တူများတွင် ဖော်ပြပါ ၎င်း၏ ဝန်ခံချက်များပါရှိခြင်းဖြစ်သည်။

အမေရိကန် ပြည်ထောင်စုက ဖီဖာကို ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးရာတွင် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ ရာထူးမှနုတ်ထွက်သွားခဲ့ရပြီဖြစ်သည်။

နယူးယောက်မြို့ အရှေ့ပိုင်းခရိုင် တရားရုံး၌ ၂၀၁၃ ခုနှစ် တရားရုံးထွက်ဆိုချက်များကို အစိုးရရှေ့နေများက ဖော်ထုတ်ပြသရာတွင် မစ္စတာ ဘလေဇာ၏ အပြစ်ရှိကြောင်း ဝန်ခံချက်များ ပေါ်ထွက်လာခဲ့သည်။

ဖီဖာ အမှုဆောင်ဟောင်းက လာဘ်စားမှု အသေးစိတ်ဖွင့်ချ

မစ္စတာ ဘလေဇာသည် ဖီဖာ၏ မြောက်နှင့်အလယ်ပိုင်း အမေရိက၊ ကာရစ်ဘီယံဒေသ (ကွန်ကာကဖ်)တွင် ဒုတိယအကြီးဆုံး တာဝန်ရှိ ပုဂ္ဂိုလ်အဖြစ် ၁၉၉၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းတွင်လည်း ဖီဖာအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာဘလေဇာက ၎င်း၏ ကြံဖော်ကြံဖက်များအနက်မှ တစ်ဦးသည် ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ကျင်းပခွင့် ရရှိရန် ကြိုးပမ်းခဲ့သော မော်ရိုကိုနိုင်ငံထံမှ လာဘ်ယူခဲ့ကြောင်း ပြောသည်။ ထိုပြိုင်ပွဲမှာ နောက်ဆုံးတွင် ပြင်သစ်နိုင်ငံက ကျင်းပခွင့် ရရှိသွားခဲ့သည်။

၎င်းနှင့် အပေါင်းပါများသည် ၁၉၉၆ ခုနှစ်၊ ၁၉၉၈ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ် ကွန်ကာကဖ် ဘောလုံးပြိုင်ပွဲများ၏ ရုပ်သံထုတ်လွှင့်ခွင့်၊ အသံလွှင့်ခွင့်နှင့် အခြားသော လုပ်ပိုင်ခွင့်များနှင့် ပတ်သက်၍လည်း လာဘ်စားခဲ့ကြသည်ဟု ၎င်းက ပြောသည်။

စာမျက်နှာ ၄၀ ပါ ထွက်ဆိုချက်မိတ္တူတွင် စွပ်စွဲချက် (၁၀) ချက်မှ အခြားဝန်ခံချက်များတွင် အခွန်တိမ်းရှောင်ခဲ့ခြင်းများလည်း ပါဝင်သည်။

ဖက်ဒရယ်အေးဂျင့်များက ၎င်းကို အခွန်တိမ်းရှောင်မှုဖြင့် ဖမ်းဆီးခဲ့ပြီး ၎င်းက အမေရိကန်၏ စုံစမ်းစစ်ဆေးခြင်းတွင် ပူးပေါင်းပါဝင်ရန်သဘောတူခဲ့သည်။ ယင်းအပြင် သော့တွဲတွင် အသံဖမ်းစက်ကိုဝှက်၍ ၎င်း၏ လုပ်ဖော်ကိုင်ဖက်များနှင့် စကားပြောခြင်းကို အသံဖမ်းထားရန် သဘောတူခဲ့သည်ဟုဆိုသည်။ **ရိုက်တာ။**



မဟာဝိဇယ ခေမသီတလ နိုဗွတ ဃောသ မဟာခေါင်းလောင်းတော်ကြီး ပတ္တဒါန ရေစက်ချလှူဒါန်းပူဇော်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေတောင်စား စေတီတော်၏ ရင်ပြင်တော် အရှေ့တောင်ထောင့်တွင် ထားရှိမည့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသော မဟာဝိဇယ ခေမသီတလ နိုဗွတ ဃောသ မဟာခေါင်းလောင်းတော်ကြီး ပတ္တဒါန ရေစက်ချလှူဒါန်းပူဇော်ခြင်း မဂ်လာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လောကမာရဇိန် ဘုရားကြီး အရှေ့ဘက်မုခ်ဦး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ထားဝယ်မြို့ ဇေယျဝတီ ကျောင်းတိုက် ဆရာတော်ကြီး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဘဒ္ဒန္တအရိန္ဒမ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ စေတနာရှင်၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး အမှူးပြုသော အလှူရှင်များက လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရေစက်ချအခမ်းအနားကို ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက ဇေယျဝတီကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဇေယျဝတီကျောင်းတိုက် ဆရာတော်ကြီးထံ ပုံစံတူခေါင်းလောင်းငယ်အား သဟတ္ထိကမြောက်လက်ရောက်ဆက်ကပ်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက သံဃာတော်များထံ လှူဖွယ်ပစ္စည်းများအသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ထားဝယ်မြို့ မဟာယောသိတာရာမကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာ ဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မဟာခေါင်းလောင်းတော်ကြီးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုနှင့် စေတနာရှင်၊ အလှူရှင်များက စုစုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၃၂၀ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှတာဝန်ရှိသူများက လက်ခံရယူကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး အမှူးပြုသော စေတနာရှင်၊ အလှူရှင်များက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟန္တာသိမ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းများ ဆက်ကပ်လှူဒါန်းကြပြီး မဟာဝိဇယ ခေမသီတလ နိုဗွတယောသ မဟာခေါင်းလောင်းတော်ကြီးအား ပရိတ်နဲ့သာရေများ ပက်ဖျန်း၍ သိဒ္ဓိမဂ်လာ ဆင်ယင်ကျင်းပကြသည်။ **(ဝဝုံ)**

မဟာဝိဇယ ခေမသီတလ နိုဗွတယောသ ခေါင်းလောင်းတော်ကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီး တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်းတည်ထားခဲ့သော ခေါင်းလောင်းတော်ကြီးနှင့် အရွယ်တူ၊ ပုံစံတူဖြစ်ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် သွန်းလောင်းသည့် ခေါင်းလောင်းတော်များတွင် ဒုတိယအကြီးဆုံး ခေါင်းလောင်းတော်ကြီးဖြစ်သည်။ ခေါင်းလောင်းတော်ကြီးသည် အမြင့် ၁၂ ပေ၊ အချင်း ၅ ပေ ၇ လက်မ၊ ဒုတစ်ပေရှိပြီး ကြေးပိသာချိန် ၁၁၇၇၇ ပိသာရှိကာ ခေါင်းလောင်းတော်ကြီးတွင် အေးချမ်းသာယာသောနိမိတ်ဖြင့် လောကနတ်ရုပ်တုနှင့် မြန်မာမှုလက်ရာများကို တပ်ဆင်ထားကြောင်း သိရသည်။

(မြဝတီ)

ကျောင်းသားလူငယ်များအား လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန် ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇွန် ၄

တိုင်းပြည်၏အရေးကြီးဆုံးရင်းနှီးမြှုပ်နှံမှုမှာ ပညာရေးပင်ဖြစ်ကြောင်း၊ ပညာရေးကောင်းမွန်မှုသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်ကြောင်း၊ ယခုလွှဲပြောင်းပေးအပ်သည့် ကျောင်းဆောင်သစ်များသည် ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် လူသားအရင်းအမြစ်များ မွေးထုတ်ရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ညောင်ရမ်းတောင်) ကျောင်းဆောင်သစ်များ ဖွင့်လှစ်ခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနား၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ မြို့မိ မြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးနှင့် အခြေခံပညာအထက်တန်းကျောင်း(ညောင်ရမ်းတောင်) ကျောင်းအုပ်ကြီးတို့က ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကဗျည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ယင်းနောက် ကျောင်းဆောင်သစ်အတွင်း စာသင်ခန်းများ၊ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုကာ ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စုပေါင်းခန်းမတွင် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာ ထားဝယ်ဒေသတွင် ရေနက်ဆိပ်ကမ်း၊ အထူးစီးပွားရေးဇုန် စသည့် စီးပွားရေးစီမံကိန်းများကြောင့် ဒေသခံပြည်သူများအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထို့အတူ ဒေသခံလုပ်ငန်းရှင်များအတွက်လည်း ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာတတ်လူငယ်များ အရင်းအမြစ်များစွာ ရှိရန်လိုအပ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ ပညာရည်စစ်တမ်းအရ ၂၀၀၅ ခုနှစ်တွင် သူငယ်တန်းကျောင်းနေသူ ၄၅၈၉၃ ဦးရှိကြောင်း၊ ၎င်းတို့အနက် ၂၀၀၆ ခုနှစ် ပထမတန်းသို့ တက်ရောက်သူ ၃၇၀၆၅ ဦး၊ ၂၀၁၀ခုနှစ် ပဉ္စမတန်းတက်ရောက်သူ ၂၁၉၆၁ ဦး၊ ၂၀၁၄ ခုနှစ် နဝမတန်းတက်ရောက်သူ ၁၀၅၅၀ ဖြစ်ပြီး ၂၀၁၅ ခုနှစ် ဒသမတန်းတက်ရောက်သူ ၉၆၄၇ ဦးဖြစ်၍ ၂၀၀၅ မှ ၂၀၁၅ ခုနှစ်အတွင်း ကျောင်းနေသူ ဦးရေ ၃၅၀၀၀ ခန့် လျော့ကျသွားသည်ကို တွေ့ရကြောင်း၊ ယင်းမှာကျောင်းနေရာခိုင်နှုန်းသာဖြစ်ပြီး အမှန်တကယ် တတ်မြောက်မှုကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ စတုတ္ထတန်းကို ခရိုင်အဆင့်၊ အဌမတန်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် စာမေးပွဲများစစ်ဆေးခဲ့ရာ စာမေးပွဲအောင်မြင်မှု ရာခိုင်နှုန်းကျသွားကြောင်း၊ သို့ဖြစ်၍ သူငယ်တန်းမှ ဒသမတန်းအထိ တန်းစဉ်ကူးပြောင်းသင်ကြားရာတွင် အတန်းအလိုက် အမှန်တကယ်စာတတ်မြောက်အောင် သင်ကြားပေးရန်လိုအပ်သကဲ့သို့ တန်းကူးပြောင်းမှုမြင့်မားရန်လိုကြောင်း၊ သူငယ်တန်းမှ ဒသမတန်းအထိပါဝင်သည့် အခြေခံပညာကျောင်းများသည် တတ္တသိုလ်အဆင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားရန်အတွက် အခြေခံရအောင် ဝမ်းစာဖြည့်ရသည့် သဘောဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများတွင် သင်ကြားခဲ့သည့် ဘာသာရပ်များအပေါ်တွင် အခြေခံ၍ တတ္တသိုလ်အဆင့် သင်ကြားရခြင်းဖြစ်၍ အတန်းလိုက် အမှန်တကယ် ပညာတတ်မြောက်ရန် သင်ကြားပေးရမည်ဖြစ်သလို ကျောင်းသားများ ကလည်း ပညာသင်ကြားရေးကိုသာ အာရုံစိုက် သင်ကြားကြရန်လိုကြောင်း။

ကျောင်းသားများ စာသင်ကြားရန်အတွက် ပတ်ဝန်းကျင်အခြေအနေ ကောင်းတစ်ရပ်ကို ဖန်တီးပေးရန်လိုကြောင်း၊ ကျောင်းသားလူငယ်များ အနှောင့်အယှက်ကင်းစွာ ပညာသင်ကြားနိုင်ခြင်းဖြင့် ယင်းတို့၏ ကိုယ်စွမ်းဘက်စွမ်းရှိသမျှ ပညာရေးတွင် ထူးချွန်နိုင်မည်ဖြစ်ကြောင်း။

ဆရာ ဆရာမများကလည်း အတန်းအလိုက် စာတတယ်တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်သလို မိဘများကလည်း သားသမီးများ ပညာရေးကို စိတ်ပါဝင်စားမှုရှိအောင် ဝိုင်းဝန်းကြပ်မတ်လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပညာရေးမြှင့်တင်မှုလုပ်ငန်းများတွင် ကျောင်းသား၊ ဆရာ၊ မိဘသာမက အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများ၊ ဒေသခံပြည်သူများကပါ ဝိုင်းဝန်းအားပေးကူညီရန်လိုအပ်ကြောင်း၊ ကျောင်းသားလူငယ်များတွင် ကောင်းမွန်သည့် ရည်မှန်းချက်၊ ရည်ရွယ်ချက်များ ရှိရာ အောင်မြင်မှုရှိအောင် ဝိုင်းဝန်းမြေတောင်မြှောက်ပေးရမည် ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများတွင် သင်ကြားပေးလိုက်သည့် (၃၈) ဖြာမဂ်လာမှ အစပြု၍ လောကနီတိ၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများသည်လည်း ကျောင်းသားလူငယ်များ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်သည့်အခါ မိမိကိုယ်ကို ထိန်းကျောင်းနိုင်မည့် အခြေခံကောင်းများပင်ဖြစ်ကြောင်း။

ထို့အပြင် ပညာသင်ကြားမှုသာမက ကာယလေ့ကျင့်ခန်း အချိန်ကဲ့သို့ လေ့ကျင့်မှုများကိုပါ ပညာသင်ကြားချိန်အတွင်း မှန်မှန်ကန်ကန် လုပ်ဆောင်သွားရန် လိုကြောင်း၊ စာသင်ကျောင်းများတွင် စာကြည့်တိုက်များထားရှိရန် လိုအပ်သကဲ့သို့ ကလေးများအား စာဖတ်သည့် အလေ့အထကိုလည်း ပြုစုပျိုးထောင်ပေးရန်လိုကြောင်း၊ ငယ်စဉ်ကတည်းက စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိခြင်းဖြင့် ဘဝတိုးတက်အောင်မြင်မှုအတွက် များစွာ အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ကျောင်းဆောင်သစ်များကို ရည်ရွယ်ချက်ကြီးမားစွာဖြင့် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းသစ်၊ ကျောင်းကောင်းတွင် ပညာသင်ကြားရခြင်းသည် ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်ရေးရာမြင့်မားစေကြောင်း၊ ဆရာ ဆရာမများ၏ အမှန်တကယ် စာတတ်မြောက်အောင် သင်ကြားမှုအပိုင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ ကောင်းမွန်သည့် စိတ်ဓာတ်များကို ပိုမိုခိုင်မာစေနိုင်ကြောင်း၊ အနာဂတ်နိုင်ငံတော်၏ ပဲခုံးပြောင်းတာဝန်များကို လက်ဆင့်ကမ်းထမ်းဆောင်ကြမည့် ကျောင်းသား လူငယ်များအား လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန် ဆရာ၊ မိဘ၊ အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို တိုင်းဒေသကြီး ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခြေခံပညာအထက်တန်းကျောင်း (ညောင်ရမ်းတောင်)အတွက် ကွန်ပျူတာများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။ **(အေပါ်ပုံ)**

ဆက်လက်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်၊ အလှူရှင်များက စုစုပေါင်းအလှူငွေကျပ်သိန်း ၃၆၀ ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းပညာရေးမှူးတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

အခြေခံပညာ အထက်တန်းကျောင်း (ညောင်ရမ်းတောင်)သည် ယခင်က ထားဝယ်လေယာဉ်ကွင်းအနီးတွင်တည်ရှိပြီး လေယာဉ်များ အတက်အဆင်း အသံများကြောင့် စာသင်ကြားမှုအား အနှောင့်အယှက်ဖြစ်ခဲ့ကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စီးပွားရေးဇုန် တည်ဆောက်မှုကြောင့် လေယာဉ်ကွင်းအား ထပ်မံတိုးချဲ့ရန်အစီအစဉ်ရှိသဖြင့် အဆိုပါအထက်တန်းကျောင်းကို နေရာရွှေ့ပြောင်းခဲ့ကြောင်း၊ နေရာအခက်အခဲများရှိသဖြင့် မြေ ၁၂ ဧကအား တပ်မြေမှ ဖဲ့ထုတ်၍ ယခုကျောင်းဆောင်များကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ယနေ့ လွှဲပြောင်းပေးအပ်ခဲ့သော အခြေခံပညာ အထက်တန်းကျောင်း (ညောင်ရမ်းတောင်)ရှိ ကျောင်းဆောင်သစ်များကို မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ကျပ်သိန်းပေါင်း ၁၁၀၀၀ အကုန်ကျခံတည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းဆောင်သစ်များမှာ အလျား ပေ ၂၇၀၊ အနံ ပေ ၃၀ ရှိ RC နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်၊ အလျား ပေ ၂၃၀၊ အနံ ပေ ၃၀ ရှိ RC တစ်ထပ်ကျောင်းဆောင်တစ်ဆောင်တို့ဖြစ်ကြောင်း၊ ကျောင်ဝင်းအတွင်း ကျောင်းအင်္ဂါရပ်နှင့် လျှော်ညီအောင် မုန့်စားဈေးတန်းလေးဆောင်၊ စက်ဘီးရပ်နားရန်နေရာ ခြောက်ဆောင်အပြင် ကွန်ကရစ်ပတ်လမ်း၊ ကွန်ကရစ်သံဆန်ခါခြံစည်းရိုးနှင့် ဘောလုံးအားကစားကွင်းတို့ ပါရှိကြောင်း သိရသည်။ **(မြဝတီ)**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် ပတ်ဝန်းကျင်ရရှိအောင် ကြိုးပမ်းဆောင်ရွက်မည်

၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ဇွန် ၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ တွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လည်းကောင်း ကျင်းပမည်ဟု သိရှိရသည့်အတွက် ယင်းအခမ်းအနားနှင့်ပတ်သက်၍ သိရှိလိုသည်များကို သတင်းအဖွဲ့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်-

သတင်းအဖွဲ့

မေး။ ။ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံကို သိလိုပါတယ်။

ဖြေ။ ။ ကမ္ဘာသူကမ္ဘာသားအားလုံး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လာစေဖို့အတွက် တွန်းအားပေးတဲ့အနေနဲ့ ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်နေ့မှာ ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့မှာ ကုလသမဂ္ဂကကြီးမှူးပြီး ပထမဆုံးအကြိမ် လူသားပတ်ဝန်းကျင်ညီလာခံကြီးကို ကျင်းပခဲ့ပါတယ်။

အဲဒီညီလာခံကြီးကနေ ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။

ဒါ့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများ အားလုံးနဲ့ ပေါင်းစပ်ညှိနှိုင်းပေးဖို့နဲ့ နည်းပညာအကူအညီ ပေးဖို့ရည်ရွယ်ပြီး ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (United Nations Environment Programme-UNEP)ကိုလည်း အဲဒီညီလာခံကြီး အပြီးမှာ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေအပေါ် ကမ္ဘာ့နိုင်ငံများနဲ့ ပြည်သူများအာရုံစူးစိုက်မိလာစေဖို့နဲ့ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးနေမှုပြဿနာတွေထဲက အခြေအနေအချိန်အခါပေါ်မှာ မူတည်ပြီး ဖြစ်ပွားပေါ်ပေါက်နေတဲ့ အရေးကြီးပြဿနာရပ်တွေ၊ အဓိကစိန်ခေါ်နေမှုတွေကိုသိရှိကာ ပိုမိုအလေးထားဖြေရှင်းဆောင်ရွက်လာကြစေဖို့ ရည်ရွယ်ကျင်းပခြင်းပဲ ဖြစ်ပါတယ်။

UNEP ကနေ ၁၉၇၄ ခုနှစ်မှစ၍ နှစ်စဉ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်တွေကို သတ်မှတ်ပေးခဲ့ပြီး ၁၉၈၇ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ကြီးတွေမှာ နှစ်စဉ်လှည့်လည်ကျင်းပခဲ့ပါတယ်။

အခုနှစ်မှာတော့ ကမ္ဘာ့အဆင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို အိမ်ရှင်နိုင်ငံအဖြစ် အီတလီနိုင်ငံ၊ မီလန်မြို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

မေး။ ။ အခုနှစ်ရဲ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်နဲ့ အဲဒီဆောင်ပုဒ်ရဲ့ ရည်ရွယ်ချက်ကို ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ UNEP ကနေ ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် သတ်မှတ်ထားတာကတော့ "Seven Billion Dreams. One Planet. Consume with Care." (လူသားသန်း ၇၀၀၀ ရဲ့ မျှော်မှန်းချက်တွေ ပြည့်ဝဖို့၊ တို့ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်စို့)ပဲဖြစ်ပါတယ်။

လူဦးရေတိုးပွားလာခြင်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကြောင့် ကမ္ဘာမြေဂေဟစနစ်ဟာပြောင်းလဲ၊ ပျက်စီး၊ ယိုယွင်းလာပြီး သိသာထင်ရှားပြီး အန္တရာယ်ရှိတဲ့ အဆင့်ကို နီးကပ်လာလျက်ရှိပါတယ်။

လက်ရှိကမ္ဘာ့လူဦးရေဟာသန်း ၇၀၀၀ ရှိပါတယ်။ ၂၀၅၀ ပြည့်နှစ်ရောက်ရင် သန်းပေါင်း ၉၆၀၀ ထိ ရောက်ရှိလာမယ်လို့ မျှော်လင့်ရပြီး လက်ရှိသုံးစွဲမှုနဲ့ ထုတ်လုပ်မှုပုံစံအတိုင်းသာသွားနေရင် ၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘာဂြိုဟ်သုံးခုထိ လိုအပ်လာမှာဖြစ်ပါတယ်။

ကမ္ဘာဂြိုဟ်သုံးခုဆိုတာ လက်တွေ့မှာမဖြစ်နိုင်ပါဘူး။ ဒါကြောင့် လက်ရှိကမ္ဘာဂြိုဟ်အတွင်းမှာ လူသားတွေ ရှင်သန်နိုင်၊ နေထိုင်နိုင်ဖို့ရာလိုအပ်ပါတယ်။

ညွှန်ကြားရေးမှူးချုပ် ဦးနေအေး။

လူသားသန်း ၇၀၀၀ ရဲ့ မျှော်မှန်းချက်က ကျန်းမာရေးနဲ့ ညီညွတ်ပြီး ချမ်းသာသုခနဲ့ပြည့်စုံတဲ့ လူနေမှုဘဝကို ရရှိခံစားရေးပဲဖြစ်ပါတယ်။ အဲဒီလိုရရှိဖို့ဆိုရင် ပတ်ဝန်းကျင်ကောင်းမွန်ပြီး သဘာဝသယံဇာတအရင်းအမြစ်တွေ ရေရှည်တည်တံ့ဖို့ လိုပါတယ်။

သဘာဝသယံဇာတတွေကို အမြောက်အမြားအသုံးပြုလာကြတာနဲ့ ပတ်ဝန်းကျင်ထိခိုက်စေတာတွေဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ ဘေးထွက်ဆိုးကျိုးတွေဖြစ်တဲ့အတွက် အဲဒီဆိုးကျိုးတွေကို မဖြစ်မနေ ကာကွယ်ရမယ်ဆိုတဲ့ အသိစိတ်ဓာတ်တွေ နိုးကြားလာရေးနဲ့ ပြည်ထောင်စုတစ်ခုလုံးမှာ ပတ်ဝန်းကျင်ထိခိုက်မှုကိုထိုးခြားစွာ လျော့နည်းစေပြီး လူတို့ရဲ့ ချမ်းသာကြွယ်ဝမှုကို ဖြစ်ပေါ်စေတဲ့ စီးပွားရေးလုပ်ငန်းဖြစ်ကြောင်းနဲ့ ကာဗွန်ထုတ်လုပ်မှုလျော့၍ သယံဇာတအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုနည်းပြီး လူမှုရေးအရ ပွင့်လင်းမှုရှိတဲ့ စီးပွားရေးလုပ်ငန်းဖြစ်ကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်က အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

မေး။ ။ မြန်မာနိုင်ငံမှာ အခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမယ်လို့ သိရပါတယ်။ ဘယ်လိုကျင်းပမလဲဆိုတာ သိပါရစေ။

ဖြေ။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ လူထုလှုပ်ရှားမှုအသွင်နဲ့ ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားပြုလုပ်ခြင်း၊ အထိမ်းအမှတ်ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ဟောပြောပွဲများ ကျင်းပခြင်း၊ ဆောင်းပါးနဲ့ စာစီစာကုံးပြိုင်ပွဲများ ကျင်းပခြင်း၊ သစ်ပင်စိုက်ပွဲတွေ၊ အမှိုက်ကောက်ပွဲတွေ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နေ့စဉ်ထုတ်သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုစတဲ့ မီဒီယာတွေကနေ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆိုင်ရာ ပိုစတာတွေ ဖော်ပြခြင်းနဲ့ တေးသီချင်း၊ ဇာတ်လမ်းတွေနဲ့ ပညာပေးဆွေးနွေးဟောပြောခြင်းတွေကို ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။

မေး။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး ဆရာ့အမြင်ကို ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ ကျွန်တော်တို့ နိုင်ငံအပါအဝင် ကမ္ဘာကြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးဖို့ရာ၊ ရေနဲ့ စွမ်းအင်ကို ဂရုပြုထိန်းသိမ်းပြီး အစားအစာတွေကို ချွေတာသုံးစွဲကြဖို့၊ ရေအရင်းအမြစ်တွေ မပျက်စီးရအောင် ထိန်းသိမ်းကြဖို့၊ စွမ်းအင်ကဏ္ဍမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကို သုံးစွဲကြဖို့၊ စွမ်းအင်ချွေတာတဲ့ နည်းလမ်းတွေကို ယိုယွင်းပျက်စီးမှုမရှိရအောင် ဝိုင်းဝန်းထိန်းသိမ်းရမယ့် အချက်တွေ၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ရာ ပတ်ဝန်းကျင်ကို မဖြစ်မနေထိန်းသိမ်းရမယ်ဆိုတဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာတွေ ပြည်သူလူထုအကြား စိမ့်ဝင်ပျံ့နှံ့လာစေဖို့၊ အစိမ်းရောင်စီးပွားရေး (Green Economy)ကို အားပေးမြှင့်တင်ဖို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ပြည်သူတွေကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေဖို့ ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ပါတယ်။

မေး။ ။ အစိမ်းရောင်စီးပွားရေးဆိုတာ ဘာကို ဆိုလိုပါသလဲ။

ဖြေ။ ။ အစိမ်းရောင်စီးပွားရေးဆိုတာ ပတ်ဝန်းကျင်ထိခိုက်မှုကိုထူးခြားစွာ လျော့နည်းစေပြီး လူတို့ရဲ့ ချမ်းသာကြွယ်ဝမှုကို ဖြစ်ပေါ်စေတဲ့ စီးပွားရေးလုပ်ငန်းဖြစ်ကြောင်းနဲ့ ကာဗွန်ထုတ်လုပ်မှုလျော့၍ သယံဇာတအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုနည်းပြီး လူမှုရေးအရ ပွင့်လင်းမှုရှိတဲ့ စီးပွားရေးလုပ်ငန်းဖြစ်ကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်က အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

မေး။ ။ မြန်မာနိုင်ငံမှာ အခု ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကိုဘယ်လိုရည်ရွယ်ချက်တွေနဲ့ ကျင်းပတာပါလဲ။

ဖြေ။ ။ မြန်မာနိုင်ငံမှာ ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကျင်းပရတဲ့ရည်ရွယ်ချက်တွေကတော့ ကမ္ဘာ့ပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာရတဲ့ အကြောင်းရင်းတွေ၊ အဲဒီလိုပျက်စီးယိုယွင်းလာတဲ့ အတွက် ဖြစ်ပေါ်လာတဲ့ဆိုးကျိုးတွေ၊ အဲဒီလိုပတ်ဝန်းကျင်ကို ကာကွယ်ကယ်တင်ရန် ပြုလုပ်ထိုက်တဲ့ ကိစ္စတွေ ဖော်ပြခြင်းနဲ့ တေးသီချင်း၊ ဇာတ်လမ်းတွေနဲ့ ပညာပေးဆွေးနွေးဟောပြောခြင်းတွေကို ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။

မေး။ ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တာနဲ့အညီ နိုင်ငံတကာကို ဖိတ်ခေါ်ပြီး စက်ရုံအလုပ်ရုံတွေ၊ ဟိုတယ်တွေကို တစ်စတစ်စ ပိုမိုထူထောင်လာကြတာကို တွေ့ရပါတယ်။ အဲဒီစက်ရုံအလုပ်ရုံတွေက ထွက်လာမယ့် ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်တွေ၊ စွန့်ပစ်ရေတွေကို ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းအောင် ဘယ်လိုဆောင်ရွက်သွားဖို့ စီမံဆောင်ရွက်ထားပါသလဲ။

ဖြေ။ ။ စက်ရုံအလုပ်ရုံတွေ အပါအဝင် စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်တဲ့ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ အသံဆူညံမှု စသည်ဖြင့် ညစ်ညမ်းမှုတွေမဖြစ်ရအောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများမှာ အတိအလင်းပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်ပါတယ်။

ဆက်လက်ပြဋ္ဌာန်းမယ့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာလည်း ဘယ်လုပ်ငန်းတွေဟာ ကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Initial Environmental Examination-IEE) ပြုလုပ်ရမယ်။ ဘယ်လုပ်ငန်းတွေဟာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) ပြုလုပ်ရမယ်ဆိုတာကို ဖော်ပြသွားမှာဖြစ်ပါတယ်။

IEE ပဲလုပ်လုပ်၊ EIA ပဲလုပ်လုပ် အဲဒီအထဲမှာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ကို ထည့်သွင်းဖော်ပြသွားရမှာဖြစ်ပါတယ်။

လုပ်ငန်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်နိုင်တဲ့ ပတ်ဝန်းကျင်ထိခိုက်မှုတွေကို အတတ်နိုင်ဆုံး လျော့နည်းပယောက်အောင် ဘယ်လိုဆောင်ရွက်သွားမလဲဆိုတဲ့ အစီအစဉ်ကို အဲဒီ EMP မှာ ဖော်ပြသွားရမှာဖြစ်ပြီး လုပ်ငန်းတွေကို အဲဒီအစီအစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ စက်ရုံအလုပ်ရုံတွေက ထုတ်လွှတ်တဲ့ အခိုးအငွေ့တွေ၊ စွန့်ပစ်ရေအရည်အသွေးတွေကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတွေရဲ့ လက်ရှိကျင့်သုံးနေတဲ့ စံချိန်စံညွှန်းနဲ့အညီ လိုက်နာဆောင်ရွက်စေလျက်ရှိပါတယ်။

မကြာမီပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာ ထုတ်လွှတ်အခိုးအငွေ့နှင့် စွန့်ပစ်ရေအရည်အသွေးဆိုင်ရာ လမ်းညွှန်ချက် (Environmental Quality Guidelines (Effluence and Emission) ကို ထုတ်ပြန်သွားမှာဖြစ်လို့ နောက်ပိုင်းမှာ အဆိုပါလမ်းညွှန်ချက်နဲ့အညီ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုတွေ လျော့နည်းသွားစေမှာ ဖြစ်ပါတယ်။

မေး။ ။ ပြည်သူလူထုကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး ဘာတွေများ မျှဝေအသိပေးချင်ပါသေးသလဲ။

ဖြေ။ ။ လက်ရှိပြည်သူတွေရဲ့ လိုအပ်ချက်တွေ၊ အနာဂတ်ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဆက်လက်ဖြည့်စွမ်းပေးနိုင်ဖို့အတွက် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းမှု စတဲ့ မဏ္ဍိုင်(၃)ရပ်ကို အခြေပြုပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်တဲ့ ပတ်ဝန်းကျင်ရရှိအောင် ကျွန်တော်တို့အနေနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ ပြည်သူလူထုအနေနဲ့လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ အသိပေးတိုက်တွန်းချင်ပါတယ်။

ကျေးဇူးတင်ပါတယ်။

စက်ရုံအလုပ်ရုံတွေက ထုတ်လွှတ်တဲ့ အခိုးအငွေ့တွေ၊ စွန့်ပစ်ရေအရည်အသွေးတွေကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတွေရဲ့ လက်ရှိကျင့်သုံးနေတဲ့ စံချိန်စံညွှန်းနဲ့အညီ လိုက်နာဆောင်ရွက်စေလျက်ရှိ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၄၀၀ ဘီလီယံအား မြန်မာနိုင်ငံတော်ပဟိုဘဏ်မှ ချေးယူခွင့်နှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇွန် ၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၁၅ ခုနှစ် ဧပြီလ ၂၁ ရက်မှ ၂၄ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သော အာရှ-အာဖရိက ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် ၂၀၁၅ ခုနှစ် ဧပြီလ ၂၆ ရက်မှ ၂၈ ရက်နေ့အထိ မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်များကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုနိုင်ရန် ဥပဒေကြမ်း ပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးအောင်မြသန်းက တစ်ပိုဒ်ချင်းစီအလိုက် တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးခင်မောင်ရွှေက ဆွေးနွေးပြီး လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ်ချေးငွေကျပ် (၄၀၀) ဘီလီယံအား မြန်မာနိုင်ငံတော်ပဟိုဘဏ်မှ ချေးယူခွင့်နှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးနှင့် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးတို့က ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက တောင်သူလယ်သမားများထံသို့ ချေးငွေပေးအပ်သွားမည့် အစီအမံကိုလည်းကောင်း ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ လင်းအောင်က စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားများထံ ထုတ်ချေးပေးသွားမည့် ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြကာ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အနည်းဆုံး အခကြေးငွေ သတ်မှတ်ပေးရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေအပါအဝင် အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေး လေ့လာရေး ပူးပေါင်းကော်မရှင်၏ အစီရင်ခံစာသုံးသပ်ချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ရှင်းလင်းဆွေးနွေးတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

အတ္တရံမြစ်ကူး(ချောင်းနှစ်ခွ) ဇက်ကူးတို့ ရေယာဉ်တစ်စင်းအား လိုင်စင်သက်တမ်းတိုးကိစ္စများ ဆောင်ရွက်ပြီးစီးပါက ပြန်လည်ပြေးဆွဲသွားမည်ဖြစ်

နေပြည်တော် ဇွန် ၄

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၈)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင်၏ **မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဒေသခံ တိုင်းရင်းသားပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရသစ်မှ အတ္တရံမြစ်ကူး(ချောင်းနှစ်ခွ) ဇက်ကူးတို့ ရေယာဉ်တစ်စင်းအား မဖြစ်မနေ အမြန်အစားထိုး ပြန်လည်ပြေးဆွဲပေးနိုင်ရေး ဦးစားပေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ချောင်းနှစ်ခွကူး

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်။

တို့လမ်းတွင် အမြန်ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် "ဇက်- ၁၀၁" ရေယာဉ်ကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန၏ စစ်ဆေးချက်အရ ရေယာဉ်၏ ရေအောက်ပိုင်းကိုယ်ထည် ကြွခိုင်မှုအားနည်းနေခြင်းများကို ပြုပြင်ရန်နှင့် အခြားလိုအပ်သည်များပြုပြင်ရန် မေ ၇ ရက်မှစ၍ သံလွင်သင်္ဘောကျင်းတွင် ကျင်းတင်ပြုပြင်လျက်ရှိပြီး ဇူလိုင်လအတွင်း ပြုပြင်ပြီးစီးနိုင်မည်ဖြစ်၍ လိုင်စင်သက်တမ်းတိုးကိစ္စများ ဆောင်ရွက်ပြီးစီးပါက ချောင်းနှစ်ခွ(ယာဉ်ကူးတို့) လမ်းတွင် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဇမ္ဘူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း၏ **နန့်စလိန်ချောင်းအား အသုံးပြု၍ အသေးစား ရေအားလျှပ်စစ်ထုတ်သော စက်ရုံအား ၂၀၁۶-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းပေးနိုင်ခြင်း ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက နန့်စလိန်ချောင်းမှာ ချောင်းတစ်လျှောက်နိမ့်မြင့်ကွာခြားမှုနည်းပါးပြီး Run Off River Type စက်ရုံတည်ဆောက်ရန်ထက် တမံတစ်ခု တည်ဆောက်ရမည့်လုပ်ငန်းတစ်ခုဖြစ်နေ၍ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏများပြားပြီး ရရှိမည့် ဓာတ်အားနှင့် လိုက်လျောညီထွေ မရှိသဖြင့် နန့်စလိန်ချောင်း၏ လက်တက်ချောင်းများအထိလေ့လာခဲ့ရာ ဟုန်းညီချောင်းတစ်လျှောက်တွင် ဆောင်ရွက်ပါက ပိုမိုကောင်းမွန်သောအခြေအနေများ တွေ့ရှိခဲ့ပါကြောင်း၊ အဆိုပါနေရာတွင် စက်ရုံ(၂)ဆင့်အား Run Off River Type ဆောင်ရွက်ပါက (၅)မဂ္ဂါဝပ်ခန့် အထိစက်တပ်ဆင်အင်အားရရှိနိုင်ပြီး ဆွေရာသီတွင် အနည်းဆုံး (၂)မဂ္ဂါဝပ်ခန့်အထိ ရရှိနိုင်မည့်အခြေအနေကို တွေ့ရပါကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်စက်ရုံ (၂)ရုံအား ရှေ့ဆင့်နောက်ဆင့် တည်ဆောက်နိုင်ရန် အလားအလာကောင်းများ ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင်။

ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင်၏ **ရေစကြိုမြို့နယ် ကျေးလက်ဒေသများရှိ ပညာရေးဝန်ထမ်းအပြောင်းအရွှေ့များအတွက် လစ်လပ်နေရာများကို မြန်ဆန်စွာ အစားထိုး ခန့်ထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက လစ်လပ်မူလတန်းပြ နေရာများတွင် ပညာရေးကောလိပ်သင်တန်းဆင်း ဆရာ ဆရာမများကို ဖြည့်ဆည်းခန့်ထားလျက်ရှိပါကြောင်းနှင့် ကျန်ရှိသည့် မူလတန်းပြနေရာများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် နေ့စားလပေး မူလတန်းပြများ ဆက်လက်ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

စားသောက်ဆိုင်တွင် အမျိုးသမီးငယ်တစ်ဦးကို သေနတ်ဖြင့်ပစ်ခတ်သွားသူအား ရဲတပ်ဖွဲ့မှ စုံစမ်းလျက်ရှိ

တောင်ငူ ဇွန် ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကံရိုးကျေးရွာ ရန်ကုန်-မန္တလေးကားလမ်းအနီးရှိ FEELING KTV စားသောက်ဆိုင်ကို လာရောက်သုံးမှ ဆိုင်ရှိမိန်းကလေးအား ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီကျော်ခန့်က ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ထွက်ပြေးသွားသူများအား တောင်ငူခရိုင် ရဲတပ်ဖွဲ့က စုံစမ်းလျက်ရှိကြောင်း သိရသည်။

အမှုဖြစ်စဉ်မှာ အဆိုပါကေတီဗီ စားသောက်ဆိုင်သို့ မကြာခဏလာရောက်လေ့ရှိသူ စောကလိုဝါး (၂၉) နှစ် ဗောဓိကုန်းကျေးရွာအုပ်စု အုတ်တွင်းမြို့နယ်နေသူနှင့် အမျိုးသားသုံးဦးတို့ရောက်ရှိလာကာ ဆိုင်တွင်းရှိ အခန်း အမှတ်(၈)၌ အရက်သေစာများ သောက်စားပြီး ၎င်းတို့နှင့်အတူ မသူသူအောင်(ခ)မသူ (၂၇) နှစ် အောင်ဆန်းရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်မြို့၊ မဓေရယ်(ခ) ရီရီမြင့်(၂۶)နှစ် မင်းစေတီလမ်း အင်းစိန်မြို့နယ် ရန်ကုန်မြို့၊ သားသား(ခ)မခင်မြတ်မွန်(၂၅)နှစ် ရွှေဘုံသာရပ် မြန်အောင်မြို့တို့က ဧည့်ခံခဲ့ရာ စောကလိုဝါးက အရက်များ မူးပြီး ၎င်းထံတွင်ပါလာသော အနက်ရောင်ပစ္စတိုကို ထုတ်၍ အခန်းတွင်း၌ရှိနေသည့် မိန်းကလေးများအား ချိန်ရွယ်ကာ စနောက်ခဲ့ကြောင်း၊ ထို့နောက်အချိန်စေ့၍ စောကလိုဝါးနှင့် ပါလာသောလူငယ်များက အခန်းအပြင်သို့ ထွက်လာခဲ့ချိန်တွင် မသူသူအောင် (ခ)မသူက အခန်းရှေ့ရှိ တန်းလျားပေါ်တွင် ထိုင်နေစဉ် စောကလိုဝါးက ပစ္စတိုသေနတ်ကိုထုတ်ပြီး မသူသူအောင်(ခ)မသူအား ပစ်ခတ်ခဲ့ရာ ခြေသလုံးနှစ်ဖက်စလုံး ထုတ်ခြင်းပေါက် ဒဏ်ရာရရှိခဲ့သဖြင့် တောင်ငူဆေးရုံသို့ တင်ပို့ခဲ့ရပြီး စောကလိုဝါးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းထွန်းနှင့် တာဝန်ရှိသူများ၊ တောင်ငူမြို့မရဲစခန်းမှ တာဝန်ရှိသူများ လာရောက်စစ်ဆေးကာ ထွက်ပြေးတိမ်းရှောင်သွားသော ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

■

ခရီးသည်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား မားထောက်ခြိမ်းခြောက်၍ ငွေတောင်းသူကို ဖမ်းဆီး

ရန်ကုန် ဇွန် ၄

ယာဉ်မောင်း ဦးကျော်မြင့်မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဦးအောင်မြင့်စိုးနှင့် ငွေကောက်(ခ) အသေးလေးတို့ လိုက်ပါလာသော (၅၇)ယာဉ်လိုင်းခရီးသည်တင်ယာဉ်သည် မေ ၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က သာကေတမြို့နယ်၊ ရောဝဏ်လမ်း (၈)ထိပ်မှတ်တိုင်အရောက် ခရီးသည်အတင်အချပြုလုပ်နေစဉ် ယခင်က အမှတ်(၃၅) မီနီဘတ်စ် ယာဉ်မောင်းလုပ်ကိုင်ခဲ့ဖူးသူ စိုးကြီး (ခ)စိုးမင်းငြိမ်းနှင့် အမျိုးသားနှစ်ဦးတို့ ကားပေါ်သို့ တက်လာပြီး အမျိုးသားနှစ်ဦးက ဦးကျော်မြင့်နှင့် ငွေကောက် (ခ) အသေးလေးတို့အား မားဖြင့် ထောက်ကာ စိုးကြီး(ခ)စိုးမင်းငြိမ်းက "ဒီနေ့ ကားဆွဲလို့ရတဲ့ငွေ အကုန်ပေး၊ မပေးရင်သတ်စမ်း"ဟုခြိမ်းခြောက်သဖြင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့က ငွေကျပ် ၈၀၀၀၀ ပေးလိုက်ရကြောင်း၊ မားထောက်၍ ခြိမ်းခြောက် ငွေတောင်းသွားသူ သန်လျင်မြို့နယ်နေ စိုးကြီး(ခ)စိုးမင်းငြိမ်းနှင့် အမျိုးသားနှစ်ဦးတို့အား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ ဦးအေးထွန်းသည် မေ ၁၃ ရက် ညနေ ၃ နာရီက ၎င်းယာဉ်နောက်လိုက်အဖြစ် လုပ်ကိုင်သော (၅၇)ယာဉ်လိုင်းခရီးသည်တင်ယာဉ်အား ဂက်စ်ဖြည့်ရန် သာကေတမြို့နယ်အပိုင်းထိပ်ရှိ ဂက်စ်ဆိုင်တွင် တန်းစီစောင့်ဆိုင်းနေစဉ် မားရှည်နှစ်ချောင်း ကိုင်ဆောင်ထားသည့် အမျိုးသားတစ်ဦးနှင့် အရှိုးအသွားကိုးလက်မခန့်ရှိ မားဦးချွန်ကိုင်ဆောင်ထားသူ အမျိုးသားတစ်ဦးတို့ရောက်ရှိလာကာ ၎င်းအား မားဦးချွန်ဖြင့် ထောက်၍ ကားဆွဲ၍ ရသည့်ငွေများ အကုန်ပေးရန် ခြိမ်းခြောက်တောင်းသဖြင့် ငွေကျပ် ၉၈၀၀၀ ကို ပေးလိုက်ရပြီး မားထောက်၍ ခြိမ်းခြောက်ငွေတောင်းသူအမျိုးသားမှာ သန်လျင်မြို့နယ်နေ စိုးကြီး(ခ)စိုးမင်းငြိမ်းဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ သန်လျင်မြို့နယ်နေ စိုးကြီး(ခ)စိုးမင်းငြိမ်း (၃၅)နှစ်အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်ကြသော သန်လျင်မြို့နယ်နေ အာကာနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ ကျန်ကျောင်းတို့အား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝင့်ဝ)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကြီးအကဲများအား ရှင်းလင်းပွဲပြုလုပ်

ရန်ကုန် ဇွန် ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံရှိ နိုင်ငံခြားသံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကြီးအကဲများအား ရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ ပြုလုပ်သည်။ **(ယာပုံ)**

အဆိုပါ သံတမန်များအား ရှင်းလင်းပွဲသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရှင်းလင်းရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပဋိဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်း လက်မှတ်ရေးထိုးနိုင်ခဲ့မှု ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ မကြာမီ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ် ရရှိခဲ့သည့် ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံအဖွဲ့ကြီးအတွင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ မြန်မာ့ရေတပ်မှ မေ ၂၁ ရက်နှင့် ၂၉ ရက်နေ့များတွင် ကယ်ဆယ်ခဲ့သည့် လူကုန်ကူးခံရသည့် လျှေစီးသွားလာသူများအား ခေတ္တယာယီစောင့်ရှောက်ထားမှုအခြေအနေနှင့် သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် နောက်ဆုံးဆောင်ရွက်လျက်ရှိသည့်ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် သံတမန်များနှင့် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်း များမှ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ရှင်းလင်းပွဲကို နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ အထက်ဌာပနာတော် သွင်းလျှူပူဇော်ခြင်း မဟာမဂ်လာအခမ်းအနားကျင်းပ

မန္တလေး ဇွန် ၄

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမျှားကျေးရွာ၌ တည်ထားကိုးကွယ်သည့် ကမ္ဘာ့ပထမဦးဆုံး ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ အဝင်မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင် အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ နိုင်ငံတော်သမ္မတ၏ သာသနာရေးဆိုင်ရာ အကြံပေးအဖွဲ့မှ သူရဦးမြင့်မောင်၊ အလှူရှင်မိသားစုဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးသစ်တော၊ သတ္တုနှင့် သာသနာရေးဝန်ကြီး ဦးသန်းစိုးမြင့်၊ အလှူရှင် ဦးစိုးနိုင်နှင့် ဦးအောင်သိန်းတို့က ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး၏ မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး၏ အထက်ဌာပနာတော် သွင်းလျှူပူဇော်ခြင်း မဟာမဂ်လာ အခမ်းအနားကို ကျောက်စိမ်းဓမ္မာရုံ အလှူမဂ်လာ မဏ္ဍပ်၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးရဲမြင့်နှင့်အဖွဲ့၊ ဘုရားဒါယကာ ဒါယိကာမများ၊ အလှူရှင်များက ဌာပနာတော်များကို ကျောက်စိမ်းစေတီတော်မြတ်ကြီးအား ရည်မှန်း၍ ဆရာတော်များထံ ဆက်ကပ်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံမှ အနုမောဒနာတရား နာယူကြည်ညိုကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဌာပနာတော်များကို သွင်းလျှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇွန် ၄ ရက်က မြန်မာနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၄၀)ပြည့်အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Thanh Dung ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

အများအပြား မရရှိခဲ့သော်လည်း မြန်မာပရိသတ်များမှာ တစ်ခဲနက် အားပေးခဲ့ကြသည်။ ၂၆ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် မြန်မာအသင်း ဦးဆောင်ဂိုးရခဲ့ပြီး နေလင်းထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ၃၂ မိနစ်တွင် မြန်မာအသင်း လက်ထိသည်ဟုဆိုကာ ကွင်းလယ်ဒိုင်က စင်ကာပူကို ပင်နယ်တီကန်ခွင့်ပေးခဲ့ပြီး ဖာရစ်ကသွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းစကတည်းက အိမ်ရှင်စင်ကာပူအသင်းမှာ တိုက်စစ်အားပြုကစားလာသော်လည်း မြန်မာအသင်းက တည်တည်ငြိမ်ငြိမ်ဖြင့် ပြန်လည်တုံ့ပြန်နိုင်ခဲ့သည်။ မိနစ် ၆၀ တွင် မြန်မာအသင်း အနိုင်ဂိုးရခဲ့ပြီး ပြစ်ဒဏ်ဘောကို ရဲကိုဦးက အဝေးမှ တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ယင်းနောက်ပိုင်းတွင် စင်ကာပူအသင်းက ချေပဂိုးရရှိရန် တရစပ်ဖိကစားခဲ့သော်လည်း မြန်မာနောက်တန်းနှင့် ဂိုးသမားတို့က ကာကွယ်နိုင်ခဲ့သည်။ စင်ကာပူနိုင်ငံတွင် မြန်မာအသင်းမှာ အိမ်ကွင်းနှင့် မခြား ကစားနိုင်သည့်အတွက် ခြေစွမ်းပြနိုင်နေခြင်းဖြစ်သည်။

မြန်မာအသင်းမှာ နှစ်ပွဲကစား နှစ်ပွဲနိုင်၊ ခြောက်မှတ်ရရှိထားပြီး ဇွန် ၇ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။

○○○

ကြယ်တစ်ပွင့် (ကေပိုဒ်ရတု)

ပေါ်ထွန်းသည်ခါ၊ အုံ့ဖွယ်ရာတည့်
မြန်မာလူမျိုး၊ ကိုယ့်လူမျိုးကို
မျိုးဂုဏ်တက်အောင်၊ သူစွမ်းဆောင်ခဲ့
အခေါင်သို့ချဉ်း၊ ရှင်နေမင်းသို့
အလင်းဆောင်ကာ၊ ထိန်ထိန်သာလျက်
ပါရဂူဘွဲ့၊ ခူးဆွတ်ခဲ့ပြီ
တို့ရဲ့ဆရာ၊ တို့ဆရာကား
ဆရာပီသ၊ ရှေ့ဆောင်ပြ၍
အာဂစွမ်းရည်၊ ပေါ်လွင်ပြီရှင့်
ဟာဝိုင်ရီတက္ကသိုလ်၊ ဘွဲ့ထိုထိုထက်
ပိုမိုရှန်းတင့်၊ ကြယ်တစ်ပွင့်မို့
အမြင့်ဆုံးလူ၊ ပါရဂူဟု
စံယူထိုက်သား၊ ရှားမှရှားသည်
အားကျဖွယ်ရာ၊ အရာရာတွင်

ကမ္ဘာအထိ၊ သိကျွာပြည့်နှင့်
မိမိနိုင်ငံ၊ ဇာတိဥာဏ်အား
အောင်လံထူစိုက်၊ လွှင့်တင်လိုက်ပြီ
ထိုက်ထိုက်တန်တန်၊ နေရာမှန်က
မြန်မာ့သားကောင်း၊ ဖြစ်တည်ကြောင်းကို
မီးမောင်းထိုးကာ၊ လမ်းပြရာသည့်
ဒေါက်တာသန်းဦး၊ စွမ်းရည်ထူးမို့
ဦးခိုက်ဝန္ဒနာ၊ ပူဇော်ပါသည်
ကြည်သာနလုံး ပြုံးစေသောင်။

(အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်က ပေးအပ်ချီးမြှင့်သော အမြင့်ဆုံးစာပေပါရဂူဘွဲ့ရရှိသူ မြန်မာ့ပညာရေးပညာရှင် ဆရာကြီးဒေါက်တာသန်းဦး အား ဂုဏ်ပြုပူဇော်ပါသည်။)

ရေနံ့သာမောင်ကျော်ညွှန့်

2015 cEp arvwi aejynawm wi;a'o u;^jyne , &wyzrm; t v u avmi;upm; zr;q;&rr t ajc t ae

စဉ်	လောင်းကစားအမျိုးအစား	အမှု	တရားခံ	လောင်းကြေးငွေ(ကျပ်)
၁	နှစ်လုံးထီ	၁၀၂	၁၁၄	၄၄၇၂၉၈၀
၂	ချဲထီ	၂၉	၃၀	၁၆၉၆၅၅၀
၃	ဖဲ	၅၉	၃၀၈	၂၆၄၇၃၅၅
၄	ဂျင်	၁	၁၈	၅၃၈၂၀၀၀
၅	အခြား	၅၅	၁၄၆	၄၃၁၄၀၅၀
စုစုပေါင်း		**၂၄၆**	**၆၁၆**	**၁၈၅၁၂၉၃၅**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဂျပန်နိုင်ငံရှိ ICCLC Foundation ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဂျပန်နိုင်ငံရှိ Japan International Cooperation Agency (JICA)အဖွဲ့အစည်းမှ International Civil and Commercial Law Centre Foundation (ICCLC) ၏ ဥက္ကဋ္ဌ Mr.MIYAHARA Kenji နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ လာရောက်တွေ့ဆုံပြီး ICCLC အနေဖြင့် အာရှတိုက်ရှိ နိုင်ငံများကို ဥပဒေသုတေသနပြုခြင်း၊ ဥပဒေပညာရှင်များအား ကူးသန်းရောင်းဝယ်ရေးဥပဒေ၌ အထူးအကူအညီပံ့ပိုးပေးလျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ဥပဒေပညာရှင်များကိုလည်း ဂျပန်နိုင်ငံသို့ ပို့ဆောင်၍ ဥပဒေသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားကာ ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၄ ရက်နေ့ထုတ် ကြေးမုံနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၃)၊ ကော်လံ(၄)တွင် ဖော်ပြပါရှိသော **ပိဋ္ဌကတ်သုံးပုံစာအုပ်များဝယ်ယူနိုင်** သတင်း၊ ကော်လံ(၂) စာကြောင်းရေ(၃)၌ ပိဋ္ဌကတ်သုံးပုံပါဋိတော်အုပ်ရေ ၄၀၀ အစား ပါဋိတော်အုပ်ရေ ၄၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

(၂၈)ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပုံရိပ်များ

28th SEA GAMES SINGAPORE 2015

စင်ကာပူနိုင်ငံတွင်ကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေသော မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများ၏ ပြိုင်ပွဲဝင်ပုံရိပ်များကို ကြေးမုံပရိသတ်ထံ ဝေမျှလိုက်ရပါသည် . . . .

မြန်မာယူ- ၂၃ အသင်းမှာ ပြည်စုံသောတိုက်စစ်စွမ်းရည်ရှိဟု စင်ကာပူမီဒီယာများ ချီးကျူးရေးသား

မြန်မာအသင်းနှင့်အင်ဒိုနီးရှားတို့ကစားခဲ့သည့်ခြေစွမ်းအရ မြန်မာအသင်းမှာ တိုက်စစ်၊ ကွင်းလယ်၊ နောက်တန်း ကစားသမားများအားလုံး ဝိုးသွင်းနိုင်စွမ်းရှိကြပြီး ၂၀၁၃ ခုနှစ် ကထက် စုဖွဲ့မှုပိုမိုကောင်းမွန်သည်ဟု စင်ကာပူသတင်းစာ The Straits Times က ရေးသားဖော်ပြသည်။

အမျိုးသားဘောလုံးအုပ်စု(က)ပွဲစဉ်အဖြစ် မြန်မာနှင့်အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် တစ်ဖက်အသင်းသို့ ဝိုးသွင်းအပြီး မြန်မာအသင်းမှ ကျော်ဇင်လွင် ပရိသတ်နှင့်အတူအောင်ပွဲခံနေစဉ်။

မြန်မာအသင်းသည် ပွဲကိုဟောက်လျှောက် ထိန်းကျောင်းနိုင်ခဲ့ပြီး ပွဲအစအဆုံး တည်ငြိမ်သောကစားဟန်ဖြင့် ကစားသွားနိုင်ခဲ့သည်ဟုလည်း ဆက်လက်ရေးသားထားသည်။

ကောင်းဆက်နိုင်၊ နေလင်းထွန်း၊ ရှိုင်းသူရတို့၏တိုက်စစ်မှာ လျင်မြန်လွန်းပြီး ၎င်းတို့သုံးဦးကို ပံ့ပိုးပေးနေသော လှိုင်းဘိုဘိုနှင့် ရဲကိုဦးတို့၏ကွင်းလယ်မှာ တွဲဖက်ညီစွာဖြင့်တစ်ဖက်ခံစစ်အား ပြိုဆင်းသွားအောင် ကစားနိုင်စွမ်းရှိသောကြောင့် အုပ်စုတွင်း ခြေစွမ်းမတိမ်းမယိမ်းရှိနေသော အုပ်စု(က)အသင်းများအနေဖြင့် အကြိုဗိုလ်လုပွဲတက်ရောက်ရန် ပွဲတိုင်း အမှားမခံသည့် အနေအထားတွင်ရှိနေသည်ဟု ဆီးဂိမ်းအွန်လိုင်းသတင်းများတွင်ရေးသားထားသည်။

ယခင်နှစ်များတွင် မြန်မာအသင်းမှာ ကွင်းလယ်ကစားကွက် ကောင်းမွန်သော်လည်း တိုက်စစ်ပိုင်းသည် သွင်းဂိုးရရန် ရုန်းကန်ခဲ့ရပြီး ယခုပြိုင်ပွဲတွင်မူ သေသပ်သောတိုက်စစ်ကစားဟန်ဖြင့် အခွင့်အရေးများ အသုံးချနိုင်ခဲ့သည်ကို မြင်တွေ့ခဲ့ရသည်ဟု ဖော်ပြထားသည်။ **[ခင်ခင်သက်]**

မြန်မာ၏နိုင်ပွဲအတွက် ပရိသတ်များကို နည်းပြ ဦးကြည်လွင် ကျေးဇူးတင်

မြန်မာအသင်းက ၂၀၁၃ ဆီးဂိမ်း ငွေတံဆိပ်ရရှိထားခဲ့တဲ့ အင်ဒိုနီးရှားအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့ခြင်းမှာ အားပေးသည့်ပရိသတ်များကြောင့် ဖြစ်ပြီး ပရိသတ်များကို အထူးကျေးဇူးတင်ရှိကြောင်း မြန်မာနည်းပြ ဦးကြည်လွင်က ပြောသည်။

ဦးကြည်လွင်က "ဒီနိုင်ပွဲမှာ ပရိသတ်တွေရဲ့အားပေးမှုက ၁၀၀ ရာခိုင်နှုန်း အရေးပါတယ်လို့ ပြောပါရစေ။ အားပေးနေတဲ့ ပရိသတ်တွေကို အများကြီး ကျေးဇူးတင်ပါတယ်။"

ဆက်လက်၍ "ကျွန်တော်တို့ မြန်မာအသင်းအနေနဲ့ ယုံကြည်မှု အပြည့်ရှိပါတယ်။ ရည်မှန်းချက်ကတော့ တခြားအသင်းတွေလိုပဲ ရွှေတံဆိပ်ဆုပဲပေါ့" ဟု ပြောကြားခဲ့သည်။

[မေလဲ့သင်း]

မြန်မာ Netball အသင်း ဘရူနိုင်းနိုင်ငံအသင်းနှင့် ယှဉ်ပြိုင်စဉ်။

Netball ပြိုင်ပွဲတွင် ထိုင်းက မြန်မာအားအနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့တက်ရောက်

ပြီးခဲ့သည့်ဇွန် ၃ ရက်က Netball အုပ်စုတွင်းပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းက ၇၁-၂၅ဖြင့် မြန်မာအသင်းကိုအနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်သည်။ မြန်မာအသင်းခေါင်းဆောင် ခင်စန္ဒာကျော်၏ ကြိုးပမ်းမှု ၇၈ ရာခိုင်နှုန်းခန့်ကို ထိုင်းအသင်းခေါင်းဆောင်ဂိုးသမား ဆီရီဝမ်ဆီနောင်ဆန်က လက်စွမ်းပြကာကွယ်နိုင်သောကြောင့် မြန်မာအသင်းမှာ ယခုကဲ့သို့ အမှတ်ပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာNetball အသင်းသည် နိုင်ငံတကာအဆင့်ပြိုင်ပွဲသို့ ယခုနှစ်မှသာ စတင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ရာ ပြိုင်ဘက်အသင်းများနှင့် ကွာဟမှုရှိနေသေးပြီး အုပ်စုနောက်ဆုံးပွဲစဉ်တွင် အိမ်ရှင်စင်ကာပူနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ **[မေလဲ့သင်း]**

မြန်မာ Netball အသင်း မလေးရှားနိုင်ငံအသင်းနှင့် ယှဉ်ပြိုင်စဉ်။

မြန်မာ Netball အသင်းမှ မွန်ခင်အေးနှင့် ထိုင်းနိုင်ငံမှ ဘွန်းဂိန်တို့ ယှဉ်ပြိုင်ကစားနေစဉ်။

စင်ကာပူဆီးဂိမ်း ဖွင့်ပွဲ၊ ပိတ်ပွဲလက်မှတ်များ အားလုံးကုန်ပြီ

(၂၈)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကို စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိရာ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက်တွင်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက်တွင်လည်းကောင်းကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားများအတွက် သတ်မှတ်ရောင်းချပေးသောလက်မှတ်များ အားလုံးကုန်သွားပြီဖြစ်သည်။ ဓားရေးပြိုင်ပွဲ၊ ဝါတာပိုလို၊ ရေကူး၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဝူရှူးပြိုင်ပွဲများအတွက် လက်မှတ်များ အားလုံးကုန်သည်အထိ ပရိသတ်များ ဝယ်ယူပြီးဖြစ်သည်ဟု စင်ကာပူ ဆီးဂိမ်းဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြသည်။

ဖောက်သည်ချပါရစေ

လှထွင့်ဦး

နည်းပညာခေတ်မှာ အွန်လိုင်းပေါ်တင်လိုက်ရင်တော့ Share တာပေါ့နော်။ အီလက်ထရွန်နစ် မီဒီယာပေါ့။ ဒါပေမယ့် အခုသိတာလေးတွေကိုတော့ ပုံနှိပ်မီဒီယာလို့ခေါ်တဲ့ စာမျက်နှာပေါ်ကတစ်ဆင့်ပဲ ဖောက်သည်ချလိုက်ပါရစေ။

၂၀၁၅ ခုနှစ် မေ ၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာမှာ စာမျက်နှာအပြည့် ဂရပ်ဖစ်ဒီဇိုင်းလှလှနဲ့ စာရင်းဇယားတွေ ဖော်ပြထားတာကို ကြည့်မိရာက စိတ်ဝင်တစားလေ့လာမိရင်း သိတာလေးတွေကို ဖောက်သည်ချမိတယ်လို့ပဲ ဆိုပါရစေ။ အဲဒီအကြောင်းအရာက ပညာရေးဝန်ကြီးဌာန၏ ဘဏ္ဍာရေးတိုးမြင့်ရရှိမှုနှင့် ခွဲဝေသုံးစွဲမှုစာရင်းတဲ့။ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်နှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရန်အတွက်ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်တွေ နှစ်စဉ်တိုးတက်သုံးစွဲလျက်ရှိတာကိုလည်း သိရပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ဦးစီးဌာနအလိုက် မူလခွင့်ပြုရန်ပုံငွေစာရင်းများမှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများကို သတိထားမိပါတယ်။ အဲဒါတွေက-

(၁) ဝန်ကြီးရုံး
(၂) အဆင့်မြင့်ပညာဦးစီးဌာန
(၃) ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
(၄) အခြေခံပညာဦးစီးဌာန
(၅) လူစွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန
(၆) မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန
(၇) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
(၈) မြန်မာစာနှင့် ဘာသာစကားပညာရေးဦးစီးဌာနတို့ပဲ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနဲ့ ဦးစီးဌာန ခုနစ်ခုရှိတာကို လေ့လာမိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ဦးစီးဌာနအလိုက် မူလခွင့်ပြုရန်ပုံငွေစာရင်းများမှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအတွက် စုစုပေါင်းငွေကျပ်သန်းပေါင်း ၁၃၉၉၀၁၃ ဒသမ ၃၃၄ ရရှိတာတွေ့ရပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဦးစီးဌာနအလိုက်ပြုပြင်ပြီး ခွင့်ပြုရန်ပုံငွေစာရင်းမှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများကို စုစုပေါင်းငွေကျပ်သန်းပေါင်း ၁၃၉၉၀၁၃ ဒသမ ၃၃၄ ရရှိတာတွေ့ရပါတယ်။

(၁) ဝန်ကြီးရုံး
(၂) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
(၃) အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
(၄) အမှတ်(၁)အခြေခံပညာဦးစီးဌာန
(၅) အမှတ်(၂)အခြေခံပညာဦးစီးဌာန
(၆) အမှတ်(၃)အခြေခံပညာဦးစီးဌာန
(၇) မြန်မာစာအဖွဲ့ဦးစီးဌာန
(၈) ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
(၉) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

(၁၀) မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနဆိုပြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနဲ့ ဦးစီးဌာန ကိုးခုရှိတာတွေ့ရပါတယ်။ အဲဒီမှာ ပညာရေးဝန်ကြီးဌာနဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဦးစီးဌာနအလိုက် ပြုပြင်ပြီး ခွင့်ပြုရန်ပုံငွေစာရင်းအရ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၁၁၅၈၃၃၆ ဒသမ ၇၄၀ ရရှိခဲ့တာ တွေ့ရတယ်။ မနှစ်ကနဲ့ ဒီနှစ်ဘဏ္ဍာရေးအခြေအနေ နှိုင်းယှဉ်ကြည့်ရင် ကျပ်သန်းပေါင်း ၂၄၀၅၇၆ ဒသမ ၅၉၄ ပိုရရှိတာဖြစ်ပါတယ်။

ဘဏ္ဍာနှစ် နှစ်ခုရဲ့ ပညာရေးဝန်ကြီးဌာနအောက်မှ ဦးစီးဌာနများစာရင်းကို နှိုင်းယှဉ်ကြည့်ရင် ဦးစီးဌာနအမည်များ ပြောင်းလဲခြင်းနဲ့ ဦးစီးဌာနအသစ်များ ကိုလည်း တိုးချဲ့ဖွဲ့စည်းတာတွေ့ရပါတယ်။

(က) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နဲ့ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ကို ပေါင်းစည်းပြီး "အဆင့်မြင့်ပညာဦးစီးဌာန" ဖြစ်လာပါတယ်။

(ခ) အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနတွေကိုပေါင်းစည်းပြီး "အခြေခံပညာဦးစီးဌာန"ဖြစ်ပါလာတယ်။

(ဂ) ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအစား ဆရာအတတ်ပညာလေ့ကျင့်ရေးဦးစီးဌာန၊ လူစွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာနဆိုပြီး ဦးစီးဌာနနှစ်ခု တိုးချဲ့လာတာတွေ့ရတယ်။

(ဃ) မြန်မာစာအဖွဲ့ဦးစီးဌာနကို မြန်မာစာနှင့် ဘာသာစကား ပညာရေးဦးစီးဌာနဆိုပြီး အမည်ပြောင်းထားပါတယ်။

(င) မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနကို မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာနလို့ အမည်ပြောင်းလဲတာ လေ့လာတွေ့ရှိရပါတယ်။

ဝန်ကြီးဌာနတစ်ခုမှာ ဝန်ကြီးရုံးဆိုတာက မရှိမဖြစ်လိုအပ်တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ပညာရေးဝန်ကြီးဌာနအောက်မှာ ယခင်ဦးစီးဌာနပေါင်း ကိုးခုအစား ယခုဦးစီးဌာန ခုနစ်ခုသာရှိတော့မှာဖြစ်ပါတယ်။ ခေတ်စနစ်ရဲ့ ပြောင်းလဲမှုအခြေအနေတွေအရ လုပ်ငန်းတွေလျင်မြန်သွက်လက်စေဖို့ အစိုးရအဖွဲ့ယန္တရားတွေတောင် လိုအပ်လို့ ဖွဲ့စည်းပုံတွေ တိုးချဲ့ပြင်ဆင်ရတာမို့ အခုလည်း ပညာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းတွေ သွက်လက်လျင်မြန်လာမယ်လို့ မျှော်လင့်ရပါတယ်။ မေ ၂၉ ရက် မြန်မာနိုင်ငံပြန်တမ်းမှာ နိုင်ငံတော်သမ္မတက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးတွေကို ဌာနပြောင်းရွှေ့ခန့်ထားရာမှာ ပညာရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ပုဂ္ဂိုလ်လေးဦးကို ဝန်ကြီးဌာနအတွင်းမှာပဲ ပြောင်းရွှေ့ခန့်ထားတာ တွေ့ရတယ်။

နွေကာလတို့ နှုတ်ဆက်ခွဲခွာတော့မယ်။ မိုးစက်လေးတွေ တစ်ပေါက်နှစ်ပေါက် မိတ်ဆက်ဝင်ရောက်စပြုပါပြီ။ မိုးရန့်ကြောင့် ပန်းလေးတွေလည်း ပွင့်လာတော့မည်။ အခြေခံပညာကျောင်းတွေလည်း ဖွင့်ပြီ။ ၂၀၁၅ ခုနှစ်ဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအဖိုးရသစ်တစ်ခုရဲ့ သက်တမ်းပြည့်ကာလမှာ မိဘ၊ ဆရာတွေရဲ့မေတ္တာရေကို ကျွန်တော်တို့တစ်တွေ ခံယူပါရစေ။ ။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ ရပ်ကွက်(၂)၊ အမှတ်(၈၁)တွင် ပါတီရုံးချုပ်တည်ရှိသော **လော်ဝေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၄-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

လော်ဝေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ

လော်ဝေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် **လော်ဝေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် မြန်မာအစားအစာနှင့် ဟိုတယ်ကဏ္ဍပြပွဲ ကျင်းပ

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံသို့ ပြည်ပမှနိုင်ငံခြားသားခရီးသွားဧည့်သည် ဝင်ရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာလျက်ရှိပြီး ပြည်ပမှဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးနိုင်ရန် ဟိုတယ်နှင့် အစားအစာကဏ္ဍသည် အထူးလိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်စေရန် Myanmar Food@Hotel 2015 Exhibition ပြပွဲကို ဇွန် ၃ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် ကျင်းပလျက်ရှိသည်။

အဆိုပါပြပွဲတွင် Grand Wynn Group of Companies ၏ လုပ်ငန်းခွဲဖြစ်သည့် Grand Twin Brother Co., Ltd. မှ လူမျိုးမရွေး အသင့်စားသုံးနိုင်သည့် စားသောက်ကုန်များနှင့် ပြည်ပနိုင်ငံများသို့တင်ပို့နေသည့် အေးခဲပြီး ရေချို၊ ရေငန် ငါး၊ ပုစွန်များ၊ ငါးအသားလွှာ၊ ငါးအသားလုံး၊ ငါးအသားချောင်းနှင့် စားသောက်ကုန်ပစ္စည်း ၇၀၀ ကျော် ဝင်ရောက်ပြသခဲ့သည်။

"အရင်တုန်းက နိုင်ငံခြားသားတွေ လာတာနည်းတယ်။ အခုဆို တစ်နှစ်ထက်တစ်နှစ် များလာတယ်။သူတို့ မြန်မာပြည် လာတဲ့အချိန် ဝန်ဆောင်မှု ကောင်းကောင်းပေးဖို့ လိုတယ်။ ဟိုတယ်မှာလည်း အခန်းတွေ လုံလောက်ဖို့လိုသလို အစားအစာမှာလည်း သူတို့ကြိုက်တဲ့ အစားအစာတွေနဲ့ ဝန်ဆောင်မှုပေးဖို့လိုပါတယ်။ အခုဒီပြပွဲက ခရီးသွားလုပ်ငန်းအတွက် အထောက်ကူပြုမှာပါ" ဟု Grand Wynn Group of Companies မှ ဒါရိုက်တာဦးအယ်(လ)လမိန်းဒိန်ကပြောသည်။

ပြပွဲတွင် ဟိုတယ်လုပ်ငန်းနှင့်ဆိုင်သော ပစ္စည်းများ၊ အစားအစာများ၊ ကော်ဖီဖျော်စက်များ ပြသလျက်ရှိကြောင်းသိရသည်။

သတင်းနှင့်ဓာတ်ပုံ
မင်းခန့်စိုး

ဝန်ထမ်းအလိုရှိသည်

(၁)	Manager	M(2)Posts (Yangon Mandalay)
(၂)	Accountant	F(1)Post
(၃)	Web Developer	M/F(1)Post

အမှတ်စဉ်(၁)(၂)(၃)အတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။

အမှတ်စဉ်(၁)အတွက် အသက်(၃၀)နှစ်အထက်ဖြစ်ရမည်။ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်ဖြစ်ပြီး Diploma ရရှိထားသူအား ဦးစားပေးမည်။ English ရေး၊ ဖတ်၊ပြော ကောင်းစွာကျွမ်းကျင်ရမည်။ Microsoft, Email, Internet ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ MPPE,MPE, MOGE ဌာနများ(သို့)အခြားပြင်ပလုပ်ငန်းများတွင် စက်သုံးဆီနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ ခရီးသွားနိုင်သူဖြစ်ရမည်။ ဌာနဆိုင်ရာများသို့ ဝင်ထွက်သွားလာနိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၂)အတွက် LCCI Level-III(U.K)/D.A (စာရင်းစစ်ချုပ်ရုံး)အောင်လက်မှတ်ရှိရမည်။ Computer Excel ဖြင့် စာရင်းများရေးဆွဲနိုင်ရမည်။ ရုံးလုပ်ငန်းသဘောတရားကို နားလည်၍ ရုံးစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။ ဘဏ်နှင့်ပတ်သက်သော လုပ်ငန်းများကို နားလည်ဆောင်ရွက်နိုင်ရမည်။ အများပိုင်လုပ်ငန်းများ၏ စာရင်းများ ကျွမ်းကျင်သူကို ဦးစားပေးမည်။

အမှတ်စဉ်(၃)အတွက် CS/TT/Multimedia/Web Design တို့နှင့်သက်ဆိုင်သော အောင်လက်မှတ်၊ ဒီပလိုမာရရှိပြီးသူဖြစ်ရမည်။ Photoshop,Dreamweaver,Front Page, Flash CS5, HTML, CSS, JQuery, PHP, Java Script အစရှိသော Web scripting languages များ၊ Static and DynamicWebsite နှင့်ပတ်သက်၍ နားလည်တတ်ကျွမ်းသူဖြစ်ရမည်။ အထက်ပါအရည်အချင်းနှင့်ကိုက်ညီသူများသည် အလုပ်လျှောက်လွှာ၊ ကိုယ်ရေးအချက်အလက်မှတ်တမ်း၊ လက်တလောရိုက်ကူးထားသော ဓာတ်ပုံ(၁) ပုံ၊ မျှော်မှန်းလစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားကတ်ပြားမိတ္တူ၊ အောင်လက်မှတ်မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာတို့နှင့်တကွ ၁၅-၆-၂၀၁၅ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ UMFCCI Building၊ ၁၀လွှာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အိပ်မက်များစွာနှင့်အတူ ရှင်သန်သောကမ္ဘာမြေ

သစ်ပင်ချစ် (Env Eng)

ကမ္ဘာမြေသည် လူသားများအားလုံးအတွက် ကျေနပ်သည့်အတိုင်းအတာထိ လိုအပ်သည်များ ဖြည့်ဆည်းပေးနေသော်လည်း လူသားတို့၏ အတောမသတ်နိုင်သည့်လောဘကို လိုက်လျောနိုင်စွမ်းမရှိဟု မဟာတ္တမဂန္ဓီက ဆိုခဲ့သည်။ ယနေ့ကမ္ဘာမြေပေါ်တွင် လူသားတိုင်းသည် လိုအပ်သော ပမာဏထက် ပိုလျှံကာ ဖြုန်းတီးတတ်လာခြင်းသည် အလေ့အကျင့်တစ်ခုလိုဖြစ်လာသည်။ သို့သော် ကမ္ဘာမြေသည် လိုအပ်သည်ထက် ပိုလျှံအသုံးပြုမှု၊ ထုတ်ယူသုံးစွဲမှုများအတွက် အလျဉ်မီအောင် မထုတ်လုပ်နိုင်တော့ချေ။ ထို့ကြောင့် ယနေ့အခါ လိုအပ်သည်များအတွက် ပိုလျှံကာသုံးစွဲခြင်းကို လျှော့ချကာ လေလွင့်မှုမရှိအောင် အချိန်မီစနစ်တကျ လုပ်ဆောင်ရပေမည်။

ကပ်စေးနဲခြင်းနှင့် ချွေတာခြင်းသည် တူသယောင်ရှိသော်လည်း ခြားနားချက်ရှိပေသည်။ ကပ်စေးနဲခြင်းသည် မိမိတွင်ရှိသည့် မည်သည့်အရာမျှ သုံးစွဲခြင်းမရှိဘဲနေခြင်းဖြစ်ပြီး ချွေတာခြင်းသည် နောင်လာမည့်အနာဂတ်တွင် လုံလောက်မှုများမရှိမည်ကို ကြိုတင်အမြော်အမြင်ရှိစွာဖြင့် သုံးစွဲခြင်းပင်ဖြစ် သည်။ မည်သည့်အရာမျိုးမဆို လိုအပ်သည်ထက် ပိုမိုမဖြုန်းတီးမိစေရန်အရေးကြီးလှပေသည်။

ဒူးနေရာဒူးတော်နေရာတော်ဆိုသလို အိုးတန်ဆန်ခတ် ဝတ်စားဆင်ယင်ကာ မဖြုန်းတီးမိစေရန်လိုအပ်ပေသည်။ ဆန်တစ်ဇေ့ဖြစ်ရန် အဆင့်ပေါင်းများစွာကို ကျော်ဖြတ်ရန်လိုအပ်သလို အကျိုးတစ်ထည်ဖြစ်ရန်အတွက် ဝါပင်ပေါင်းမည်မျှ ရင်းနှီးရမည်ဆိုသည်ကို တစ်ကြိမ်တစ်ခါလောက် လေးလေးနက်နက် စဉ်းစားသင့်ပေသည်။ ဖြုန်းတီးခြင်း၏ရလဒ်သည် ညစ်ညမ်းခြင်းဆီသို့ ဦးတည်သွားစေသည်။

ညစ်ညမ်းမှုများကိုလျှော့ချနိုင်သောအဓိကသော့ချက်သည် လိုအပ်သည်များကို လိုအပ်သည့်ပမာဏအတိုင်း ချိန်ဆလုပ်ကိုင်ရန်ဖြစ်သည်။ ထိုသို့ လိုအပ်သည်များကိုသာ အသုံးပြုတတ်ခြင်းအားဖြင့် ပြန်းတီးခြင်းများမှ ကာကွယ်နိုင်သလို နောင်လာနောက်သားများအတွက် အမွေအဖြစ် ချန်ရစ်ပေးနိုင်ပေသည်။

သို့သော် လိုအပ်သည်ထက် ပိုမိုသုံးစွဲသည့်လုပ်ဆောင်ချက်များကို သဘာဝတရားမှ အလျဉ်မီအောင် မလိုက်နိုင်သလို ထုတ်လုပ်ပေးနိုင်ခြင်းလည်းမရှိချေ။ ထို့ကြောင့် ဆေးဝါးများအကူအညီဖြင့် စိုက်ပျိုးလာကြသည်။ ရလဒ်သည် ဓာတုဆေးများကြောင့် လူ့ခန္ဓာကိုယ်ကို ဘေးဥပဒ်များဖြစ်စေသည်။ အစားအသောက်များသည် ဓာတုဆေးဝါးများစွာသုံးစွဲထားခြင်းကြောင့် ကင်ဆာရောဂါမျိုးစုံကို ဖြစ်စေသည်။ ဓာတုဆေးဝါးများသည် လူ့ခန္ဓာကိုယ်အဆီအတွင်းသိုလှောင်ကာ မြစ်ပွားနာရောဂါ(ကင်ဆာရောဂါ)များကို ဖြစ်စေသည်။

လိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်းသည် စာရေးသူတို့နိုင်ငံတစ်နိုင်ငံတည်းတွင် ဖြစ်ပေါ်နေခြင်းမဟုတ်ချေ။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရင်ဆိုင်နေရခြင်း ဖြစ်ပေသည်။ ဖြေရှင်းနိုင်သည့်နည်းလမ်းသည် လူထုထံ အသိပညာဖြန့်ဝေပေးခြင်း ဖြစ်သည်။ နိုင်ငံတော်မှ စည်းမျဉ်းစည်းကမ်းများချမှတ်ကာ လိုက်နာနိုင်ရန် ပြောဆိုလမ်းညွှန်ပြသပေးခြင်းပင်ဖြစ်သည်။ ဂျာမန်နိုင်ငံကို အလည်အပတ်ရောက်စဉ်က သူငယ်ချင်းက စားသောက်စရာများကိုချန်ခဲ့ပါက ဒဏ်ငွေပေးဆောင်ရသည့်အတွက်ကြောင့် မိမိအမှန်တကယ် စားသုံးနိုင်သည့် ပမာဏသာမှာယူရန် ပြောကြားသည်။ မိမိပိုက်ဆံ မိမိပေးကာ စားသုံးသော်လည်း အလေအလွင့်မရှိအောင် ဆောင်ရွက်နိုင်ပေသည်။ စားသောက်ဆိုင်ရှိ အမှိုက်ပုံးများကိုကြည့်ပါက စာကြွင်းစားကျန်များဖြင့် ပြည့်နှက်ကာ အလေအလွင့်ဖြစ်နေပေသည်။ အစားအသောက်များကို အလေအလွင့်နည်းပါးအောင် ဒဏ်ငွေပေးဆောင်သည့်နည်းလမ်းဖြင့် ထိန်းချုပ်ကာ အစားအသောက်အလေအလွင့်ဖြစ်မှုလျှော့ချခြင်းအားဖြင့် အမှန်တကယ်လိုအပ်သူများအတွက်ပါ အကျိုးကျေးဇူးဖြစ်ထွန်းပေမည်။

ထို့အတူ အမှိုက်ထဲကရွှေဆိုသလို မိမိအသုံးပြုလိုက်သည့် အရာဝတ္ထု၊ စွန့်ပစ်ပစ္စည်းများထဲမှ ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းအမျိုးအစားများကို ရွေးချယ်အသုံးပြုတတ်ရန် လိုအပ်ပေသည်။ ထုတ်ကုန်ပစ္စည်းများတွင် ပြန်လည်အသုံးပြုနိုင်သည့်ပစ္စည်းကို မြားဖြင့် အဝိုင်းပုံစံဖော်ပြထားသည်။ ယင်းထုတ်ကုန်ပစ္စည်းများကို အသုံးပြုခြင်းအားဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးသည် ပတ်ဝန်းကျင်ညစ်ညမ်းခြင်းမှ ကာကွယ်ပေးနိုင်ကာ သစ်တောပြုန်းတီးခြင်း၊ မြေထု၊ ရေထုညစ်ညမ်းခြင်းကို မဖြစ်စေနိုင်ပေ။ ဖြစ်စဉ်တစ်ခုသည် တခြားဖြစ်စဉ်တစ်ခုကို ဆင့်ကဲဖြစ်စေနိုင်သည့် အကျိုးကျေးဇူးရှိသည်။ ဥပမာ မြေထုညစ်ညမ်းခြင်း၊ ရေထုညစ်ညမ်းခြင်း၊ လေထုညစ်ညမ်းခြင်းတို့ကို ဖြစ်စေသည်။ ညစ်ညမ်းနေသည့် မြေထုသည် နည်းလမ်းတစ်နည်းနည်းဖြင့် မြေထု၊ လေထုထဲသို့ရောက်ရှိသွားကာ ညစ်ညမ်းစေခြင်းဖြစ်သည်။ ညစ်ညမ်းနေသည့် မြေသည် မိုးရေနှင့် မြစ်ချောင်းများအတွင်းသို့ ဝင်ရောက်ပြီး ရေထုကို ညစ်ညမ်းစေသည်။ ထိုအခါ ရေထုအတွင်းရှိ အောက်ဆီဂျင်ပါဝင်မှုကို ညစ်ညမ်းစေပြီး အခြားဓာတ်ပစ္စည်းပါဝင်မှုများပြားလာသည့်အတွက် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်ကို ထုတ်လွှတ်ကာ လေထုကိုညစ်ညမ်းစေပြန်သည်။

အမှိုက်ဟုဆိုရာတွင် သဘာဝသစ်သီးဝလံများမှ ထွက်ရှိသည့်အမှိုက်များနှင့် ငါး၊ပုစွန်တို့မှထွက်ရှိသည့် အမှိုက်တို့လည်း ရှိပြန်သေးသည်။ ကြံရည်သောက်ပြီးနောက် ထွက်ရှိလာသည့်ကြံဖတ်သည် အသုံးဝင်သည်။ ရေဆိုးများ အနုံ့အသက်လျှော့ချနိုင်ရန်အတွက် ထွက်ရှိလာသည့်ကြံဖတ်ကို အသုံးပြုကာ သုတေသန ပြုလုပ်ချက်များရှိနေသည်။ တစ်ပိုင်တစ်နိုင်လုပ်ဆောင်နိုင်သည့် နည်းလမ်းများဖြစ်ပေသည်။ ထို့အတူ မီးကင်ထားသည့် ငှက်ပျောရွက်၊ ရိတ်သိမ်းပြီး နေကြာပန်းပင်တို့သည် သဘာဝကပေးသည့် ရေသန့်စင်ဆေးများဖြစ်ပေသည်။ ပုစွန်ခွံ၊ ပြည်ကြီးငါးအရေခွံ၊ ကဏန်းခွံတို့သည်လည်း ယနေ့ တွင်တွင်ကျယ်ကျယ် အသုံးပြုနေသော ခစ်တိုဆန်(Chitosan)ကို ပြုလုပ်ခြင်းဖြစ်သည်။ အနာကျက်ဆေး၊ ရေသန့်ဆေးများအနေဖြင့်လည်း အသုံးပြုနိုင်သေးသည်။

ထို့ကြောင့် သဘာဝတရားသည်လူသားတို့အတွက် လိုအပ်သည်များကို နည်းလမ်းအမျိုးမျိုးဖြင့် ထောက်ပံ့ပေးနေသည့်အတွက်ကြောင့် မိမိတို့ဘက်မှ အကျိုးရှိရှိ အသုံးချတတ်ရန်သာ လိုအပ်ပေသည်။ အထူးဂရုပြုရမည်မှာ လိုအပ်သည့်ပမာဏကိုသာအသုံးပြုကာ ဖြုန်းတီးခြင်းမရှိ အလေအလွင့်မရှိသည့် နည်းလမ်းများကို လုပ်ဆောင်ခြင်းအားဖြင့် ယနေ့ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်ပေမည်။

စွမ်းအင်လိုအပ်ချက်များကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် နေစွမ်းအင်၊ လေစွမ်းအင်များကိုအသုံးပြုကာ သဘာဝပတ်ဝန်းကျင်အပေါ်တွင် ညစ်ညမ်းခြင်းမရှိ အစိမ်းရောင်စွမ်းအင်ကို ထုတ်လုပ်အသုံးပြုနိုင်ရန် ကြိုးစားသင့်ပေသည်။ ရေလုံလောက်စွာမရရှိသည့်ဒေသများအတွက်လည်း မိုးရေကို စနစ်တကျ အကျိုးရှိရှိသိုလှောင်နိုင်သည့် နည်းလမ်းများကိုရှာဖွေခြင်းအားဖြင့် လူသားတို့၏လိုအပ်ချက်များကို ပတ်ဝန်းကျင်အပေါ်ထိခိုက်ပျက်စီးခြင်းမရှိ လုပ်ဆောင်နိုင်ပေသည်။

ထို့ကြောင့် တစ်ခုတည်းသောကမ္ဘာကို အမှီသဟဲပြုကာနေထိုင်ကြသည့် ကျွန်ုပ်တို့ လူအသိုင်းအဝိုင်းတစ်ခုသည် တစ်သားတည်းကျနေသည်။ ကမ္ဘာကြီး၏ ပျက်စီးဆုံးရှုံးခြင်းသည် ကျွန်ုပ်တို့၏ ပျက်စီးခြင်းပင်ဖြစ်သည်။ ကမ္ဘာကြီး၏ နာကျင်ခြင်းသည် ကျွန်ုပ်တို့၏ နာကျင်ခြင်းဖြစ်သည်။ ကမ္ဘာကြီး၏ ပျော်ရွှင်ခြင်းသည် ကျွန်ုပ်တို့၏ ပျော်ရွှင်ခြင်းဖြစ်ပေသည်။ ထိုသို့တစ်သားတည်းကျသည့် ကမ္ဘာနှင့်လူသားသည် အတူတကွပျော်ရွှင်နိုင်စေရန်အတွက် ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်ဖြစ်သည့် "တစ်သားတည်းကျသည့် လူသားနှင့် ကမ္ဘာမြေ(One World, One Environment)အရ ကမ္ဘာကြီးမှ ထောက်ပံ့ပေးသည့်အရာများကို ထုတ်ယူသုံးစွဲအသုံးပြုကာ လိုအပ်သည်များကို စနစ်တကျအသုံးပြုချွေတာခြင်းအားဖြင့် နောင်သားစဉ်မြေးဆက် ပျော်ရွှင်နိုင်လိမ့်မည် ဖြစ်ပေသည်။ ။

ရန်ကုန်မြို့တွင်းမြို့ပြင် တက္ကစီစီးလုံးဌားစနစ်ဖြင့် ၂၄ နာရီဝန်ဆောင်မှုပေးနေ

ရန်ကုန် ဇွန် ၄

ရန်ကုန်မြို့တော် ပိတောက်ကွေ့ခရီးသည်ပို့ဆောင်ရေး သမဝါယမအသင်းလီမိတက်သည် မဟာဗန္ဓုလလမ်းနှင့် လမ်း(၄၀)ထိပ်မှ ယုဇနဥယျာဉ်မြို့တော် ပိတောက်ကွေ့သို့ စုပေါင်းစီးခရီးသည် လေးဦးပါ တစ်ဦးလျှင် ကျပ် ၁၀၀၀ နှုန်း၊ စီးလုံးဌား ကျပ် ၄၀၀၀ နှုန်း၊ မြို့တွင်းတစ်နာရီလျှင် ကျပ် ၂၀၀၀ နှင့် မြို့ပြင် ၁ နာရီ ကျပ် ၅၀၀၀ နှုန်းဖြင့် ခရီးသည်များအတွက် အဲကွန်းတက္ကစီစီးလုံးဌားအစီအစဉ်ကို နေ့စဉ် ၂၄ နာရီအချိန်ပြည့် ဝန်ဆောင်မှုပေးနေကြောင်း အသင်းဥက္ကဋ္ဌ ဦးကိုအောင်က ပြောသည်။

ယခုအခါ ဇွန်လဒုတိယပတ်က အသင်းဝင် ကားအစီးရေ ၁၅၀ ကျော်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်အတွင်းရှိ မြို့နယ်များမှ လူမှုရေး၊ စီးပွားရေး၊ သာရေးနာရေး ကိစ္စရပ်များ လွယ်ကူအဆင်ပြေချောမွေ့စေရန် ဖုန်းဆက်ခေါ်ဆိုပါက ၁၀ မိနစ် အတွင်း အိမ်တိုင်ရာရောက်လာရောက်မည်ဖြစ်ပြီး ကြိုက်နှစ်သက်ရာ ခရီးစဉ်ကို သွားရောက်နိုင်ကြောင်း အတွင်းရေးမှူး ဦးမျိုးမျိုးကျော်ကရှင်းပြသည်။

တက္ကစီမီတာတပ်ဆင်နိုင်ခြင်းမရှိသေးခင်နှင့် စီးတီးတက္ကစီ(City Taxi) Call Center များ မလုပ်ဆောင်နိုင်သေးခင် အချိန်တိုကာလအတွင်း ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုလျှော့ချနိုင်ရေး အထောက်အကူပြုကြားခံသမဝါယမအသင်းလီမိတက် တက္ကစီစင်တာတစ်ခုအဖြစ် ကြားခံပေးသွားမည်ဖြစ်ကြောင်း အသင်းဒုဥက္ကဋ္ဌ ကိုထွန်းထွန်း၏ ပြောပြချက်အရ သိရသည်။

လေးယောက်စီး အဲကွန်းကားများ ဌားရမ်းလိုပါက အတွင်းရေးမှူး ဖုန်း ၀၉-၄၂၁၀၄၈၀၂၀ သို့ ဆက်သွယ်နိုင်ကြောင်းသိရပြီး ရန်ကုန်တိုင်းဒေသကြီး ပိတောက်ကွေ့ခရီးသည်ပို့ဆောင်ရေး သမဝါယမအသင်းလီမိတက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းခွဲကို မြို့နယ်တိုင်းတွင် တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ကာ လာရောက်လုပ်ကိုင်လိုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသင်းရုံးအုပ် ဦးဖြူလွင်က ထပ်ဆင့်ရှင်းပြသည်။

ပိတောက်ကွေ့ခရီးသည်ပို့ဆောင်ရေးအသင်းပိုင် တက္ကစီတိုင်းတွင် နောက်ဆုံးပေါ်နည်းပညာများအသုံးပြုထားပြီး တက္ကစီမောင်းနှင်သူ၊ ကားပိုင်ရှင် ကုမ္ပဏီနှင့် စီးနင်းသူကြားသုံးဖက်မြင် GPS ဝန်ဆောင်မှုနည်းပညာများတပ်ဆင်ထားခြင်းကြောင့် ဘေးအန္တရာယ်ကျရောက်မှုမှ ကာကွယ်တားဆီးပေးထား၍ ခရီးသည်များ ပိုမိုစိတ်ချယုံကြည်စွာ သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ကြောင်း တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းဦးထံမှ သိရသည်။

(ဒီဇိုး)

ဝန်ထမ်းအလိုရှိသည်

1. Site Engineer (Civil) **M(3) Post**
AGTI/B-Tech/B.E လုပ်ငန်းအတွေ့အကြုံ (၂-၅)နှစ်အတွင်းရှိရမည်။
2. Quantity Surveyor (Civil) **M/F(2) Post**
AGTI/B-Tech/B.E လုပ်ငန်းအတွေ့အကြုံ(၂)နှစ်အထက်ရှိရမည်။
AUTO CAD 2D/3D ကျွမ်းကျင်သူဦးစားပေးမည်။
English စာကျွမ်းကျင်ရမည်
လျှောက်ထားလိုသူများသည် CV Form၊ ရုပ်ကွက်၊ ရဲစခန်းထောက်ခံစာနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများနှင့်အတူ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။
T.I.C.C
(၃)လွှာ၊ C(5)၊ တော်ဝင်အိမ်ရာ၊ သမ္မတရုပ်ရှင်ရုံအနီး၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဥတုရာသီ တောကိုမှီ၏

BIGBANG နှင့် EXO တို့ရဲ့ မျှော်ပြေတင်ဆက်မှု

ကိုရီးယားရုပ်သံလိုင်း Mnet မှ အပတ်စဉ် ကြာသပတေးနေ့တိုင်း တိုက်ရိုက်ထုတ်လွှင့်သည့် M!Countdown အစီအစဉ်တွင် BIGBANG နှင့် EXO အဖွဲ့က ဇွန်၄ရက်တွင် အပြိုင်သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြောင်းသိရသည်။

ဇွန် ၂ ရက်တွင် Made Series တေးစီးရီးအယ်လ်ဘမ်သစ်ထုတ်ခဲ့သည့် BIGBANG အဖွဲ့နှင့် ဇွန် ၃ ရက်တွင် Love Me Right အမည်ဖြင့် ပြန်လည်ထုတ်ခဲ့သည့် EXO အဖွဲ့တို့၏ အပြိုင်သီဆိုဖျော်ဖြေမှုအပြီးတွင် မည်သည့်အဖွဲ့က ယခုတစ်ပတ်အတွက် ကိုရီးယားနိုင်ငံ၏ လူကြိုက်အများဆုံး တေးစီးရီးအယ်လ်ဘမ်နေရာကို ရရှိလိမ့်မည်ကို စိတ်ဝင်တစားစောင့်မျှော်လျက်ရှိနေကြကြောင်းလည်းသိရသည်။

ဆုမြတ်

ရုပ်မြင်သံကြားအစီအစဉ်များ

5 - 6 -2015 (aomumae)

မြဝတီ

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၆း၂၀	မမ္ဗူဇာတေး
၆း၂၅	ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅	မျိုးချစ်တပ်မတော်
၇း၂၀	မြန်မာပြည်တွင်ထုတ်လုပ်သည်
၈း၁၀	စိုက်ပျိုးသုတ
၈း၂၅	DVD Hits
၈း၃၅	ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၂၀	သူနှင့်သူ၏သီချင်းများ
၄း၄၀	ဇာတ်လမ်းတို
၄း၄၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၀	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀	လည်မယ် . .
	စားမယ်ကမ္ဘာတစ်ခွင်ဝယ်
၆း၃၀	" ရွာ" ဟာသဇာတ်လမ်းတွဲ
	အပိုင်း(၃၀၃)
	ဒါရိုက်တာ-မိုးဇော်ကို
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	- ပန်းခူးသူဆူးစူးပါစေ
	အပိုင်း(၄၉)
	- VOA အင်္ဂလိပ်စာသင်ခန်းစာ
	- သံစဉ်များနှင့်ကမ္ဘာ
	- ယနေ့ညအတွက်မြဝတီ၏
	တေးလက်ဆောင်
	- Lucky Door

MRTV - 4

၅း၀၀	ပဌာန်းပါဠိတော်၊
	အာဌာနာဒိုယသုတ
၈း၀၀	Cartoon Series
	(Go Go Giggles)
၈း၃၅	ဖျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"အိုအေစစ်ကမ္ဘာလေး"
	(အပိုင်း-၈၉)
၉း၄၀	အနုပညာမိုးကောင်းကင်
၁၀း၀၅	ခေတ်သစ်ပျိုမေ
၁၀း၅၀	ရန်ကုန်မြင်ကွင်းကျယ်
၁၁း၀၀	Food & Decor
၁၁း၃၀	MRTV-4 Stage
၁၁း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"ရာဇဝင်ထဲကရင်ခုန်သံ"
	(အပိုင်း-၂၂)
၁း၀၀	"လောကသားတို့အတွက်
	မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်"
	(အပိုင်း-၈၁) တရားတော်
	(ပါမောက္ခချုပ်ဆရာတော်
	ဒေါက်တာဘဒ္ဒန္တနန္ဒ
	မာလာဘိဝံသ)
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ
	"ဟာသကျေးရွာ"
	(ကြောင်နဲ့ကြွက်)
၂း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"လေဟုန်စီးတဲ့ပန်းလိပ်ပြာ"
	(အပိုင်း-၃၁)
၃း၃၀	ရန်ကုန်မြင်ကွင်းကျယ်
၄း၃၅	ဖျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၅း၅၀	Miss Myanmar World 2015
၆း၁၀	Health Fix
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"လေဟုန်စီးတဲ့ပန်းလိပ်ပြာ"
	(အပိုင်း-၃၂)
၇း၁၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ
	"ဟာသကျေးရွာ"
	[ဒီမိုကရေစီရွာ (အပိုင်း-၁)]
၈း၂၀	ရသစုံညွှန်းတမ်းများ
၈း၄၀	Weekly Sports Diary
၉း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"အိုအေစစ်ကမ္ဘာလေး"
	(အပိုင်း-၉၀)
၉း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"ရာဇဝင်ထဲကရင်ခုန်သံ"
	(အပိုင်း-၂၃)
၁၀း၁၅	အနုပညာမိုးကောင်းကင်
၁၀း၄၀	Movie Talk
	[ကလေးသရုပ်ဆောင်များ
	အကြောင်း (အပိုင်း-၂၁)]
၄း၁၀	World Of Knowledge
	(Megastructures :
	Air Force Transport)

mitv

- Live: U-20 World Cup (Myanmar Vs. New Zealand)
- A Visit To Kayah State (Part-I)
- Products Of Myanmar - Mya Setkyar Pure Silk Fabric From Inle Lake
- Shaping Life with Music
- Size Does Matter (Ep-5) Human-Elephant Conflict, "Habitat Loss"
- Travels In Monywa- Moe Hnyin Sambuddhe Pagoda
- Art Students: Theatrical Art
- Myanmar Wedding Dresses
- Kyauk Gu Umin Cave Gu Pha Ya
- Martial Art: A Way of Life - Karate-do
- One of the Useful Purposes of Bamboo
- The Iron Rider
- The Hills Of Phowintaung And Shwebataung
- Today Myanmar "Myanmar Red Cross Society"
- A Cordial Welcome From Pantaung
- Bollywood Actress "Laila Khan" Born & Raised in Myanmar (Part-2)
- Great Shwedagon: Charitable Associations
- Size Does Matter (Ep-4) "Preventing Wild Elephants Intrusion"
- Myanma Agarwood
- Pictures Decorated With Seashells And Gemstones
- Impressionist Myanmar Master Artist - U Lun Kywe
- Traditional Snacks
- Aesthetic Chinlone
- Kay Tu Mar Lar "The Family"

ပြားနတ်မောင်ကပေးလိုက်တဲ့ ကာရာအတွက် ပထမဦးဆုံးဆုတံဆိပ်

တောင်ကိုရီးယားအမျိုးသမီး ပေါ့ပ်ဂီတအဖွဲ့ ကာရာအတွက် ပထမဦးဆုံးသော ဆုတံဆိပ်ကို သူတို့၏သီချင်း Cupid (ပြားနတ်မောင်)ဖြင့် ရရှိခဲ့သည်။

အဆိုပါဆုသည် ကိုရီးယားနိုင်ငံ MTVရုပ်သံလိုင်း၏ The Show ရုပ်သံတေးဂီတ အစီအစဉ်မှ ခြိုးမြှင့်သောဆုဖြစ်ကာ The Showဆုပေးပွဲကို ပြီးခဲ့သည့် အင်္ဂါနေ့က ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါအစီအစဉ်၏ ဆုစာရင်းတွင် အမည်တင်သွင်းခြင်းခံရသော အခြားတေးသံရှင်များမှာ Monsta X၊ BESTie၊ ဟိုဆောင်နှင့် JJY Bandတို့ဖြစ်သည်။

ကာရာ၏ Cupidသီချင်းသည် ကိုရီးယားတေးချစ်ပရိသတ်များအကြား ရေပန်းစားခဲ့ပြီး ကာရာအတွက်ကောင်းမွန်သော တုံ့ပြန်ချက်များကိုသာ ရစေခဲ့သည်။

ကာရာသည် မေ ၂၆ ရက်က သူတို့၏ မီနီတေးအယ်လ်ဘမ် In Love မှ Cupid သီချင်းဖြင့် အနုပညာလုပ်ငန်းများကို ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

အေးပြည့်

တရုတ်စစ်ကားသစ်တွင် ဘရူးစ်ဝီလီနှင့် ဆောင်ဆန်ဟွန်း တွဲဖက်သရုပ်ဆောင်မည်

မြန်မာပရိသတ်များရင်ထဲတွင် ဂျွန်စောအမည်ဖြင့် စွဲထင်ကျန်ရစ်နေခဲ့သော တောင်ကိုရီးယားသရုပ်ဆောင်မင်းသားချော ဆောင်ဆန်ဟွန်းသည် တရုတ်စစ်ကားတစ်ကားဖြစ်သော "Da Hong"တွင် အမေရိကန်မင်းသားကြီး ဘရူးစ်ဝီလီနှင့် အတူ တွဲဖက်သရုပ်ဆောင်သွားမည်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်တွင်းကာလများကို ဇာတ်အိမ်တည်ကာ ရိုက်ကူးထားသော အဆိုပါရုပ်ရှင်သည် တရုတ်ဝမ် ၁၀၀ ဘီလီယံ(အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၀၁းသန်း)ကုန်ကျမည်ဖြစ်ပြီး ထိုင်ဝေကြေးပမာဏသည် ဘရူးစ်ဝီလီ၏ "Die Hard"ရုပ်ရှင်ဇာတ်လမ်းတွဲအားလုံးအတွက် ကုန်ကျခဲ့သော ရိုက်ကူးရေးစရိတ်ထက်ပင် ပိုမိုများပြားကြောင်း ဇွန် ၂ ရက်တွင် အဆိုပါရုပ်ရှင်ထုတ်လုပ်ရေးက ဆိုသည်။

ဆောင်ဆန်ဟွန်းသည် ယင်းရုပ်ရှင်တွင် ကိုရီးယားတိုက်ခိုက်ရေးလေယာဉ်မှူးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ဟောလိဝုဒ်ကြယ်ပွင့် ဘရူးစ်ဝီလီက အမေရိကန်နိုင်ငံ၏ စစ်ရေးညွှန်ကြားသူတစ်ဦးအဖြစ် ပါဝင်ထားသည်။

အဆိုပါရုပ်ရှင်တွင် တရုတ်ရုပ်ရှင်သရုပ်ဆောင်များဖြစ်သော နီကိုးလက်စ်ယန်စီ၊ လျှူရီနှင့် ဟောင်ရှီးရီတို့လည်း ပါဝင်အားဖြည့်ထားကာ ရိုက်ကူးရေးလုပ်ငန်းများလည်း စတင်နေပြီဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ထုတ်လွှင့်ပြသနိုင်ရန် ရည်ရွယ်ထားသည်။

အေးပြည့်

မင်းသားဂျိုဂျင်ဆက် စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရ

တောင်ကိုရီးယားအမျိုးသားတိုင်း အသက်ပြည့်လျှင် မဖြစ်မနေထမ်းဆောင်ရသည့် စစ်မှုထမ်းခြင်းကို မင်းသားဂျိုဂျင်ဆက်က ကင်းလွတ်ခွင့်ရခဲ့ရခြင်းနှင့်ပတ်သက်၍ စိတ်ဝင်စားသူများပြားခဲ့သည်။

စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ဂျိုဂျင်ဆက်၏ဖခင်ဖြစ်သူ ဆုံးပါးခဲ့ပြီး နောက်ပိုင်းတွင် မိခင်အား စောင့်ရှောက်ရန်လိုအပ်သည့်အတွက် စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပေးခဲ့သည်။

၂၀၀၀ ခုနှစ်တွင် ဖခင်ဖြစ်သူကွယ်လွန်ခဲ့ပြီးနောက် မင်းသားဂျိုဂျင်ဆက်သည် ကျောင်းဆက်တက်ရန် အခြေအနေမပေးသည့်အတွက် ဘွဲ့မရရှိခင် ကျောင်းထွက်ခဲ့ရပြီး အနုပညာလုပ်ငန်းများစတင်လုပ်ကိုင်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် သရုပ်ဆောင်လောကသို့ စတင်ဝင်ရောက်ခဲ့ကာ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်သစ်ဆုကို နှစ်ကြိမ်ရရှိခဲ့ပြီး အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု၊ အကောင်းဆုံးမင်းသားဆုများကိုလည်း ရရှိထားသူဖြစ်သည်။

ပန်းသော်တာ

အားကစားလောက သတင်းတိုများ

- ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာက မန်ယူမှ ထွက်ခွာခဲ့သော ဆုံးဖြတ်ချက်အတွက် မည်သည့်အခါကမျှနောင်တမရဘဲ မန်ယူမှ ထွက်ခွာခဲ့ခြင်းကြောင့်သာ ချန်ပီယံလီဂ်ဗိုလ်လုပွဲ အဆင့်ပွဲစဉ်အား ကစားခွင့် အခွင့်အရေး ရရှိခြင်းဖြစ်သည်ဟု ဆိုခဲ့သည်။
- ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအား သပိတ်မှောက်မည့် အစီအစဉ်များကို ဆန့်ကျင်ကြောင်း ဂျာမနီ ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။
- ဖီဖာဥက္ကဋ္ဌဆပ်ဘလတ္တာ၏ ရာထူးမှနုတ်ထွက်ရန် ဆုံးဖြတ်ချက်မှာ ဘောလုံးလောကအတွက် သတင်းကောင်းဟု အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဂရက်ဒေ့ခ်ကဆိုသည်။
- မန်ယူဂိုးသမားဒီဂီယာအနေဖြင့် ရီးယဲလ်၏ ကမ်းလှမ်းမှုကို လက်ခံလိမ့်မည်ဟု ရီးယဲလ် တာဝန်ရှိသူများက မျှော်လင့်နေသည်။

မြန်မာအားကစားအဖွဲ့များ၏ ယှဉ်ပြိုင်မှုအား ကွပ်ကဲကြည့်ရှုရန် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း စင်ကာပူသို့ ထွက်ခွာ

နေပြည်တော် ဇွန် ၄

(၂၈)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့်ပိတ်ပွဲ အခမ်းအနားများသို့ တက်ရောက်၍ မြန်မာအားကစားအဖွဲ့များ၏ ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်မှုများအား အနီးကပ်ကွပ်ကဲကြည့်ရှုရန် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင်များ၊ အုပ်ချုပ်မှုအဖွဲ့ဝင်များ စုစုပေါင်း ၃၇ ဦးနှင့်အတူ ဇွန် ၃ ရက်ညနေ ၅ နာရီခွဲတွင် MI-519/ SQ 5019 စင်ကာပူလေကြောင်းလိုင်းဖြင့်ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့အတူ မွန်းတည့် ၁၂ နာရီက 8M-2001 လေကြောင်းဖြင့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်မှုအဖွဲ့အပါအဝင် ပြေးခုန်ပစ်၊ ဘိလိယက်နှင့် စနူကာ၊ ဟော်ကီ၊ ဂျူဒို၊ ပီတန်း၊ သေနတ်ပစ်၊ ရေကူး၊ တင်းနစ်၊ ဝူရှူး အားကစားအဖွဲ့များနှင့် ဒိုင်/ဂျူရီ၊ ဆေးအဖွဲ့တို့သည်လည်း စင်ကာပူနိုင်ငံသို့အသီးသီး ထွက်ခွာသွားကြကြောင်း သိရသည်။ **(ကြေးမုံ)**

အပြောင်းအရွှေ့ဝေးကွက်ထဲက ကြယ်လေးပွင့်

ဌေးကြယ်

အခုနှစ်ဘောလုံးရာသီရဲ့ နွေရာသီအပြောင်းအရွှေ့ဈေးကွက်ထဲမှာ အသင်းပြောင်းရွှေ့ကစားဖို့ လှုပ်ခတ်မှုတွေရှိနေတဲ့ ကစားသမား အများအပြားရှိခဲ့ပေမယ့် စတာလင်၊ ဘေးလ်၊ ဒီဂီယာနဲ့ ရှနိုက်ဒါလင်တို့ကတော့ ဈေးကွက်ကို ပိုမိုလှုပ်ခတ်စေခဲ့သူများလို့ ဆိုရမှာပါ။

(စတာလင်(ကြီးကျူးကိုးခန်းမှ)

စတာလင်ဟာ လီဗာပူးအသင်းနဲ့အတူ ခြေစွမ်းကောင်းတွေ ပြနိုင်ခဲ့တာကြောင့် အာဆင်နယ်၊ ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်၊ မန်စီးတီး၊ မန်ယူစတဲ့အသင်းတွေက ခေါ်ယူဖို့ ကြိုးပမ်းနေကြပါတယ်။ အဲဒီလို စတာလင်ကို စိတ်ဝင်စားလို့ ခေါ်ယူချင်တဲ့အသင်းတွေရှိနေပေမယ့် လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာကတော့ ရောင်းချမှာမဟုတ်ဘူးလို့ ဆိုခဲ့ပါတယ်။

မန်ယူက စတာလင်ကို ပေါင် ၂၅ သန်းနဲ့ ကမ်းလှမ်းဖို့စီစဉ်နေပါတယ်။ နည်းပြဗန်ဟားလ်ကလည်း ပရီမီယာလီဂ်ကစားသမားတွေထဲမှာ စိတ်လှုပ်ရှားဖွယ် အကောင်းဆုံးလူငယ်ကစားသမားတစ်ဦးအဖြစ် စတာလင်ကို အသိအမှတ်ထားပါတယ်။

အာဆင်နယ်၊ ချယ်လ်ဆီး၊ ဘိုင်ယန်မြူးနစ်၊ ရီးယဲလ်မက်ဒရစ်တို့က ခေါ်ယူဖို့ စောင့်ကြည့် နေစဉ်မှာပဲ မန်စီးတီးအသင်းက စတာလင်ကို ပေါင်သန်း ၄၀ ဒါမှမဟုတ် ပေါင် သန်း ၅၀ အထိပေးကာ ခေါ်ယူဖို့ စီစဉ်နေပါတယ်။ ဒါကြောင့် လာမယ့်ဘောလုံးရာသီမှာ စတာလင်ကို ဘယ်အသင်းမှာ မြင်တွေ့ခွင့်ရရှိမလဲဆိုတာ စိတ်ဝင်စားဖွယ် ကောင်းနေပါတယ်။

ဂါရက်ဘေးလ် (ရီးယဲလ်မက်ဒရစ်)

ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ကမ္ဘာ့ဈေးအကြီးဆုံး ကစားသမားလို့ သတ်မှတ်ပြီး ဂါရက်ဘေးလ်ကို ပေါင်သန်း ၈၀ ပေးပြီး ခေါ်ခဲ့ပေမယ့် ရီးယဲလ်မက်ဒရစ်ပရိသတ်ကတော့ ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ထားခြင်းမရှိပါဘူး။

ဒါ့ကြောင့် မန်ယူ၊ ချယ်လ်ဆီးစတဲ့ အသင်းတွေက ခေါ်ယူဖို့ စီစဉ်နေကြပါတယ်။ ဒါပေမယ့် ဂါရက်ဘေးလ်အနေနဲ့ ရီးယဲလ်မက် ဒရစ်မှာပဲ ဆက်နေဖို့ စိတ်ဆန္ဒပြင်းပြနေသလို အသင်းဥက္ကဋ္ဌ ပီရက်ဇ်ကလည်း ဘေးလ်ကို သူကိုယ်တိုင်စိတ်တိုင်းကျခေါ်ယူခဲ့တာဖြစ်လို့ ရောင်းချမှာမဟုတ်ပါဘူး။

ချယ်လ်ဆီးက ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအိုကိုလည်း ခေါ်ယူဖို့ စီစဉ်နေတာကြောင့် အမှန်တကယ် ခေါ်ယူဖို့ ပြင်ဆင်လာမလားဆိုတာလည်း စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ချယ်လ်ဆီးအနေနဲ့ ဖယ်လ်ကာအိုကို ခေါ်ယူမယ်ဆိုရင် ဂါရက်ဘေးလ်လောက် ဈေးကြီးပေးဝယ်စရာမလိုတာကြောင့် ဖယ်လ်ကာအိုကိုပဲ အဓိကပစ်မှတ်ထားလာမယ့် အနေအထားမှာ ရှိနေပါတယ်။

ဒီဂီယာ(မန်စီး)

ဒီဂီယာဟာ မက်ဒရစ်မြို့မှာ မွေးဖွားကြီးပြင်းလာတာကြောင့် မွေးရပ်မြေကိုပြန်ဖို့ ဆန္ဒရှိနေတဲ့အပြင် ရီးယဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူဖို့ စီစဉ်နေပါတယ်။ မန်ယူကလည်း ဒီဂီယာကို တစ်ပတ် ပေါင်နှစ်သိန်း ပေးပြီး စာချုပ်သစ်ချုပ်ဖို့ ကမ်းလှမ်းထားပါတယ်။

အခုချိန်ထိတော့ ဂိုးသမားဒီဂီယာအနေနဲ့ လက်ရှိကစားနေတဲ့ မန်ယူအသင်းမှာပဲ ဆက်ကစားမှာလား။ ဒါမှမဟုတ် မိသားစုရှိရာ စပိန်မြေကိုပဲ ပြန်လည်ခြေချမှာလားဆိုတာတော့ တိကျတဲ့ဆုံးဖြတ်ချက်မပေးသေးပေမယ့် မန်ယူအသင်းကို လက်ပြန္တာတ်ဆက်ဖို့တော့ ကြိုးစားနေတယ်လို့ ဒီဂီယာက ဆိုထားပါတယ်။

ရှနိုက်ဒါလင်(ဆောက်သမ်တန်)

ဆောက်သမ်တန်ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်ဟာ ပြီးခဲ့တဲ့နွေရာသီဈေးကွက်ကတည်းက ဆောက်သမ်တန်အသင်းနဲ့ လမ်းခွဲချင်နေတာပါ။ အဲဒါကြောင့် အာဆင်နယ်အသင်းက ရှနိုက်ဒါလင်ကို ခေါ်ယူဖို့ ကြိုးပမ်းနေသလို စပါးအသင်းကလည်း အာဆင်နယ်အသင်းနဲ့အပြိုင်ခေါ်ယူဖို့ စီစဉ်နေပါတယ်။ အဲဒီပရီမီယာလီဂ် ကလပ်အသင်းတွေအပြင် လာလီဂါကလပ်အသင်းအများစုကလည်း ရှနိုက်ဒါလင်ကို မျက်စိကျနေပါတယ်။ ဒါကြောင့်လာမယ့် ရာသီမှာ ဘယ်အသင်းကိုရောက်မလဲဆိုတာ စောင့်ကြည့်ရဦးမှာပါ။

ဘာစီလိုနာထက် ရီးယဲလ်ကိုသာ ပေါ့ဘာရွေးချယ်သင့်ဟု ဂရစ်ဇ်မန်းအကြံပြု

ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာအနေဖြင့် ဘာစီလိုနာမှ လာရောက်ချိတ်ဆက်နေသော်လည်း ဘာစီလိုနာထက် ရီးယဲလ်ကိုသာ ဦးစားပေးရွေးချယ်သင့်သည်ဟု ပြင်သစ်ကစားဖော် ဂရစ်ဇ်မန်းက အကြံပြုပြောကြားခဲ့သည်။ ပေါ့ဘာအား ဥရောပထိပ်တန်းအသင်းကြီးများမှ ခေါ်ယူရန် ကမ်းလှမ်းနေပြီး ကစားသမားကိုယ်တိုင်ကမူ စပိန်သို့သာ ပြောင်းရွှေ့ကစားလိုသည်ဟု ထုတ်ဖော်ပြောကြားထားခဲ့သည်။

ယခင်ဂျူဗင်တပ်တိုက်စစ်မှူးထရေဇီဂေးက ပေါ့ဘာအနေဖြင့် ဇီဒန်းကဲ့သို့ပင် ဆယ်စုနှစ်တစ်ခုနီးပါးခန့်ဂျူဗီတွင်သာ ကစားသင့်ပြီး အတွေ့အကြုံရင့်ကျက်လာမှသာ ဥရောပထိပ်သီးအသင်းကြီးများသို့ပြောင်းရွှေ့ကစားသင့်သည်ဟု ဆိုခဲ့သည်။သို့သော်ယခုနှစ် ဘောလုံးရာသီကုန်တွင် ပေါ့ဘာမှာဂျူဗင်တပ်မှ ထွက်ခွာရန် သေချာသလောက်ရှိနေပြီး ချန်ပီယံလီဂ်ဗိုလ်လုပွဲအပြီးတွင် ၎င်း၏ အနာဂတ်အတွက်အပြီးအပြတ် ဆုံးဖြတ်သွားမည်ဟုပြောကြားထားပြီးဖြစ်သည်။

ဂရစ်ဇ်မန်းက“ ပေါလ်က အရည်အသွေးရှိတဲ့ ထိပ်တန်းကစားသမားပါ။ ဒါပေမယ့်သူ့အနေနဲ့သင်ယူစရာတွေကို အဆင့်လိုက်သင်ကြားရဦးမှာဖြစ်တဲ့အတွက် ရီးယဲလ်ကသာ သူ့အတွက် အသင့်တော်ဆုံးအသင်းပါ။ရီးယဲလ်ကို သွားရောက်ကစားခြင်းက သူ့ကို လုံးဝပြည့်စုံတဲ့ကစားသမားအဖြစ်ရောက်ရှိစေပါလိမ့်မယ်” ဟုဆိုခဲ့သည်။

ပေါ့ဘာသည် ၂၀၁၂ခုနှစ်မန်ယူမှပြောင်းရွှေ့လာခဲ့ပြီးနောက် ဂျူဗင်တပ်ကွင်းလယ်တွင် ပုံမှန်ခြေစွမ်းပြနိုင်ခဲ့ပြီး ပြီးခဲ့သည့်နှစ် ဘောလုံးရာသီမှစ၍ အမြင့်မားဆုံး စွမ်းဆောင်ရည်တစ်ရပ်ကိုပြသထားနိုင်ခဲ့ရာ ၎င်းအား ဥရောပကလပ်အသင်းကြီးများမှ ခေါ်ယူလိုနေသည်။ပြီးခဲ့သည့် ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ပြင်သစ်အသင်းနှင့်အတူ အကောင်းဆုံးလူငယ်ဘောလုံးသမားဆုကိုရရှိထားခဲ့သည်။

ရိုင်ယန်ဟေဒင်

ပေါ့ဘာအား ဥရောပအသင်းကြီးများမှ အလိုရှိနေသည်ကို မေ ၄ ရက်ထုတ် ဂါးဒီယန်းသတင်းစာမှ သရုပ်ဖော်ထားစဉ်။

မိုးရွာစဉ်အုတ်တံတိုင်းနှင့် မြေမျှားပြိုကျ၍ လေးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

နေပြည်တော် ဇွန် ၄

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့အောင်သိဒ္ဓိရပ်ကွက်တွင် မြေပြိုကျ၍ လူလေးဦး သေဆုံးကြောင်း သတင်းအရ ဇွန် ၂ ရက် နံနက် ၇ နာရီက မိုးကုတ်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက်နေ ဒေါ်လှဝင်းဌေး၏ နေအိမ်နောက်ဖေး ခြံစည်းရိုးအုတ်တံတိုင်းနှင့်မြေမျှားမှာ မိုးရွာသွန်းနေစဉ် နေအိမ်နောက်ဘက်ရှိ ကျော်စိုး(၃၈)နှစ်၏ နေအိမ်ပေါ်သို့ပြိုကျပိမိခဲ့သည်။

မြေပြိုဝင်ကျမှုကြောင့် နေအိမ်အတွင်းအိပ်ပျော်နေသူ လေးဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ကျော်စိုးနှင့် သမီးဖြစ်သူ မဖြူးသီရိကျော်(၇)နှစ်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် မိုးကုတ်မြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးကုတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ရဲပြန်ကြား)

နေပြည်တော် ဇွန် ၄

နေပြည်တော်ကောင်စီနယ်မြေ ဒကွိ၁ဏသီရိမြို့နယ် တူညီလမ်းဆုံတွင် ဇွန် ၃ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကာ အခင်းဖြစ်ပွားသည့်နေရာတွင် နှစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇီဇဝါပန်း အဝိုင်းဘက်မှ ကြို့ပင်ရွာဘက်သို့ အောင်အောင်(၃၁)နှစ် အောင်သုခရပ်ကွက် ပုဗ္ဗသီရိမြို့နယ်နေသူ မောင်းနှင်သော ၉၄/----ဖော (အပြာရောင်)ယာဉ်နှင့် အလျင်လိုရွာဘက်မှ ရွှေကြာပင်မီးပွိုင့်ဘက်သို့ ဦးသွင်မြင့် (၄၇)နှစ် ခရိုင်မန်နေဂျာ လယ်/ဆည်ဝင်းတောင်ငူမြို့နယ် နေထိုင်သူ မောင်းနှင်သော GG/----- အေဒီဗင် အဖြူရောင်ယာဉ်တို့ တူညီလမ်းဆုံတွင် တိုက်မိသဖြင့် ဦးသွင်မြင့်နှင့် ယာဉ်ပေါ်ပါ ဒေါ်ခင်ဥမ္မာဇော်(၄၆)နှစ် လယ်/ဆည်ဝန်ကြီးဌာန တောင်ငူမြို့နယ်နေသူတို့တွင် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ ၎င်းယာဉ်ပေါ်ပါ ဒေါ်ခင်စန်း(၆၇)နှစ် လယ်/ဆည်ဝန်ကြီးဌာန ပဲခူး မြို့နယ်နေသူတွင် (မစိုးရိမ်ရ) ဒဏ်ရာရရှိပြီး နေပြည်တော်ခုတင် ၁၀၀ ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသည်။ အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ဒကွိ၁ဏသီရိမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

နေပြည်တော် တူညီလမ်းဆုံတွင် ယာဉ်တိုက်မှုဖြစ်ပွား၊ နှစ်ဦး သေဆုံး

အရှိန်မထိန်းနိုင်သော ဆိုင်ကယ် လမ်းဘေးတွင်ရပ်ထားသည့် ၁၀ ဘီးယာဉ်ကို ဝင်တိုက်

နေပြည်တော် ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျောင်းကုန်းကျေးရွာအနီး ပုသိမ်-ငွေဆောင်ကားလမ်း မိုင်တိုင်အမှတ်(၁၀/၁-၂)ကြားတွင် ဇွန် ၂ ရက် ညပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ပုသိမ်မှ ငွေဆောင်ဘက်သို့ ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာနေ ဗလကြီး(ခ)သက်နိုင်စိုး(၂၂)နှစ် မောင်းနှင်လာသော ၄၀ယ/------KAISER-125 ဆိုင်ကယ်သည် ကားလမ်းဘေးယာဘက်ခြမ်း၌ ရပ်ထားသည့် ပုသိမ်မြို့အမှတ်(၈) ရပ်ကွက်နေ ဦးလှဝေ(၄၉)နှစ် မောင်းနှင်သော ၆၁/----(၁၀) ဘီး အစိမ်းရောင်ယာဉ်၏ နောက်ပိုင်းကို အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိရာ ဗလကြီး(ခ)သက်နိုင်စိုးတွင် ဒဏ်ရာများရှိ သေဆုံးခဲ့သဖြင့် ယာဉ်မောင်း ဦးလှဝေအား သလပ်ခွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ကော့သောင်းတွင် ဘုန်းတော်ကြီးကျောင်းဆောင်ငယ် မီးလောင်မှုဖြစ်ပွား

ကော့သောင်း ဇွန် ၄

ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ငါးသုံးလုံးတောင်စောင်းတွင် ဇွန် ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဘုန်းတော်ကြီးကျောင်းဆောင်ငယ် တစ်ဆောင် မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ သတိပဋ္ဌာန်းကျောင်း အမည်ရှိ (၁၅×၂၀) ပေ မြေစိုက်သွပ်မိုးသစ်သားထရံကာ တစ်ထပ်တောရဆောက်တည်ရာ ဘုန်းတော်ကြီးကျောင်း၏ ဘုရားခန်းမ စတင်မီးလောင်ကျွမ်းခြင်းဖြစ်ရာ သန္ဓေမီးသတ်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းတည့် ၁၂ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရသေဆုံးခြင်းမရှိဘဲ တောရဆောက်တည်ရာ ဘုန်းတော်ကြီးကျောင်းဆောင်ငယ် တစ်ဆောင်သာ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ကျိုက်ထိုမြို့နယ် ကျောက်မိုင်းတစ်ခုတွင် ရွှေ့လျားခါးပတ်ပြုတ်ကျ ပိမိ၍ အလုပ်သမားတစ်ဦးသေဆုံး

ကျိုက်ထို ဇွန် ၄

ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာ လိပ်သည်းကျောက်မိုင်းတစ်ခုတွင် ဇွန် ၂ ရက်က ရွှေ့လျားခါးပတ်(Conveyer) ရွှေ့ပြောင်းတပ်ဆင်ရာမှ အလုပ်သမားတစ်ဦး ပြုတ်ကျပိမိသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂ ရက် ညနေပိုင်းက ပျဉ်းကတိုးကုန်းကျေးရွာရှိ စိုးရတနာလိပ်သည်း ကျောက်ခွဲစက်တွင် တပ်ဆင်မည့် အလျား ပေ ၆၀ ခန့်၊ အနံ လေးပေ ခွဲခန့်၊ အလေးချိန် ၂၈၀၀ ကီလိုဂရမ်ရှိ ရွှေ့လျားခါးပတ်အား နေရာရွှေ့ပြောင်းရန်အတွက် ဦးခင်မောင်ဝင်း၊ မျိုးမင်းသူနှင့် ဇေယျာဖြိုးတို့က ဝိုင်းဝန်းလုပ်ကိုင်ကြရာ ဇေယျာဖြိုးက Conveyor ဆိုင်းကြိုးကို ချည်နှောင်၍ ထွန်းလင်းအောင် မောင်းနှင်သော Volvo Excavat or ဖြင့် ချိတ်ပြီး မတင်စဉ် ချည်ထားသော ဆိုင်းကြိုးလျှောကျ ပြုတ်ထွက်သဖြင့် Conveyor ပြုတ်ကျကာ ဇေယျာဖြိုးအပေါ်ပိမိခဲ့သည်။

ယင်းသို့ပိမိသဖြင့် ဇေယျာဖြိုး၏ ဘယ်ဘက်ရင်ဘတ်တွင် ဒဏ်ရာများရရှိကာ နေရာတွင် သေဆုံးခဲ့သဖြင့် သိမ်ဇရပ်နယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ရဲခေါင်ဦး)

မူးယစ်ကင်းစင် အောင်ပွဲဆင်

မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ဖားကန့်မြို့နယ်

နေပြည်တော် ဇွန် ၄

ဖားကန့်မြို့နယ် နယ်မြေခံတပ်နှင့် ဆိပ်မူကျေးရွာအုပ်စု ဝှေခါကျေးရွာ လူထုအခြေပြုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့တို့သည် ဇွန် ၁ ရက်က ဝှေခါကျေးရွာ ဘုန်းကြီးကျောင်းအရှေ့မြောက်ဘက် လူသွားလမ်းဘေးတွင် ပိန်အိတ်အတွင်းမှ ဘိန်းဖြူများနှင့် စိတ်ကြွရှူးသွပ်ဆေးပြားများကိုတွေ့ရှိ၍ မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားသို့လာရောက် အပ်နှံသဖြင့် စစ်ဆေးရာ ဘိန်းဖြူ သုည ဒသမ ၀၄၈ ကီလိုနှင့် စိတ်ကြွရှူးသွပ်ဆေးပြား ၁၇၈၀၀ တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိသဖြင့် ဖားကန့်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။

လင်းထင်အား သိမ်းဆည်းရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ဖားကန့်မြို့နယ်

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁ ရက်က ဖားကန့်မြို့ ဌက်ပျောတောရပ်ကွက် ဥရုရတနာလမ်းအတွင်းသို့ လင်းထင်မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် သုည ဒသမ ၀၃ ကီလို သိမ်းဆည်းရမိသဖြင့် လင်းထင်(၃၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

တာချီလိတ်မြို့

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး(၂)စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁ ရက်က မူးယစ်တပ်ဖွဲ့စု(၁၀၄) နေပြည်တော် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်နှင့် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ကျောက်တောင်လမ်းနေ အားထူ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရှူးသွပ်ဆေးပြား ၁၃၄ ပြား သိမ်းဆည်းရမိသဖြင့် အားထူ (၇၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကျွန်းစုမြို့နယ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွား

ကျွန်းစု ဇွန် ၄

ကျွန်းစုမြို့နယ် အမှတ်(၃) ရပ်ကွက်ရှိ သီရိမင်္ဂလာ ဘုန်းတော်ကြီးကျောင်းအဝင်မုခ်ဦးနှင့် မော်တော်ယာဉ်တစ်စီးတိုက်မိမှု ဇွန် ၂ ရက် ည ၇ နာရီ ၃၅ မိနစ်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျွန်းစုမြို့ အမှတ်(၃) ရပ်ကွက်နေ ယာဉ်မောင်း ပြည်ကြို့မောင်းနှင်လာသည့် ယာဉ်အမှတ် SI/--- TNT အဖြူရောင်ခြောက်ဘီး ယာဉ်သည် ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း ကျောင်းဆောက်လုပ်ရန်အတွက် တင်ဆောင်လာသည့်သံချောင်းများကို ဟိုက်ဒရောလစ်ဖြင့်ချပြီး ကိုယ်ထည်ပြန်ချသော်လည်း ကိုယ်ထည်မကျသည်ကို သတိမပြုမိဘဲ မောင်းနှင်ထွက်ခွာရာ ယာဉ်ကိုယ်ထည်နှင့် ကျောင်းမုခ်ဦး ကွန်ကရစ်ရက်မတန်းချိတ်မိပြီး မုခ်ဦးပြိုကျကာ ယာဉ်ဦးခေါင်းပိုင်းပိမိ၍ ယာဉ်ဦးခေါင်းတစ်ခုလုံး ပျက်စီးပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်မဆင်မခြင် မောင်းနှင်သည့်ယာဉ်မောင်းပြည်ကြို့အား ကျွန်းစုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျွန်းစုပြန်/ဆက်**

အဖိုးတန်သယံဇာတ သဘာဝတောများ...

ယမန်နေ့မှအဆက်

သစ်ငယ်ဝါးငယ်လို မမြန်ပါ။

သစ်တောဌာနကြီးသည် ဝါရင့်သဘာရင့် အစစ ပြည့်စုံပါတယ်။ ပညာရေးဆိုင်ရာလုပ်ငန်းကိုလည်း တက္ကသိုလ်ဘွဲ့ရသင်တန်းရှိပြီး အဆင့်မြင့် သစ်တောပညာသင်ကျောင်းကိုလည်း ပြင်ဦးလွင်မြန်မာနိုင်ငံ သစ်တောကျောင်းဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ သုတေသနဆိုင်ရာ လုပ်ငန်းများအတွက် ရေဆင်းသစ်တောသုတေသနကြီးကိုလည်း တည်ထောင်ထားပြီးဖြစ်တယ်။ စာရင်းအင်းလုပ်ငန်း၊ မြေပုံထုတ်လုပ်ငန်းလည်း တည်ထောင်ထားရှိပြီးဖြစ်တယ်။ အချိန်ကာလအလိုက် သုတေသနစာတမ်းဖတ်ကြားခြင်း၊ အလုပ်ရုံဆွေးနွေးပွဲဆောင်ရွက်ခြင်း၊ နိုင်ငံရပ်ခြားသို့ ပညာသင်လေ့လာရေးသွားရောက်ခြင်းတို့အပြင် တိုးချဲ့လုပ်ငန်းအတွက် ဌာနခွဲများ တည်ထောင်ပြီးဖြစ်တယ်။ ဝန်ထမ်းများလည်း အပြည့်အဝရှိပါတယ်။ ဆောင်ရွက်ရမည့် စီမံကိန်းဆိုင်ရာလုပ်ငန်းများကို အပြည့်အဝဖြစ်အောင် ဆောင်ရွက်ကြဖို့သာလိုပါတယ်။

မြန်မာ့သဘာဝသစ်တောများ ပျက်စီးပြန်းတီး ပျောက်ကွယ်သွားခြင်း မရှိအောင် ပြုစုပျိုးထောင်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း သမားရိုးကျ အစဉ်အလာ ဆောင်ရွက်ရသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ခြင်း စသည်များကို ဦးစားပေးဆောင်ရွက်ရန် ဖြစ်ပါတယ်။ စိုက်ခင်းများတိုးချဲ့ ဆောင်ရွက်ပြီး စိုက်ပျိုးသမျှ ရှင်သန်ကြီးထွားအောင်ဆောင်ရွက်ရပါမယ်။ သစ်တောစိုက်ခင်းတွေနဲ့ ပတ်သက်ပြီး တာဝန်ရှိ ပုဂ္ဂိုလ်ကြီးတစ်ယောက် ပြောဖူးတာကြားယောင်မိပါတယ်။ ခင်ဗျားတို့ စိုက်သမျှ အောင်မြင်ရင် ဒီနိုင်ငံမှာ နေပြောက်ထိုးစရာတောင် ရှိမယ်မထင်ဘူးတဲ့။

သဘာဝတောတွေ ပြန်လည်ထူထောင်ဖို့၊ စိမ်းလန်းစိုပြည်လာဖို့၊ သားငှက်တိရစ္ဆာန်တွေ ပျော်ရွှင်စည်ကားလာဖို့ ပတ်ဝန်းကျင်သာယာဝပြောလာဖို့၊ ယခုအခါ ဆောင်ရွက်ဖို့ အချိန်ကောင်းပဲဖြစ်ပါတယ်။ ပြည်သူလူထုကလည်း တောင့်တနေပါတယ်။ ကြိုးပိုင်းသဘာဝ သစ်တောတွေကို ရှိပြီးသစ်တောလက်စွဲဥပဒေ၊ နည်းဥပဒေအတိုင်း ကာကွယ်စောင့်ရှောက်ကြပါ။ မဆိုင်သူတွေကို ဝင်ခွင့်မပြုပါနဲ့ မိမိသုံးထင်း၊ ဝါး၊ ကြြိမ်စတာတွေကို စိစစ်ပြီးမှ ထုတ်ယူခွင့်ပြုပါ။ စီးပွားရေးအတွက် သစ်ထုတ်လုပ်ခွင့်မပြုပါနဲ့ ရပ်ဆိုင်းပစ်ပါ။ မည်သည့်အကြောင်းကြောင့်မှ ခွင့်မပြုနဲ့ နိုင်ငံတော်အစိုးရကလည်း ဌာနဆိုင်ရာ ဆောင်ရွက်ခြင်းကို ထိရောက်အောင် ကူညီပြဌာန်းပေးပါ။ သစ်ပင်စာရင်းကောက်ယူဖို့ လိုအပ်ပါတယ်။ ပုံစံကွက်ချပြီး ကြိုးပိုင်းအနှံ့ စာရင်းကောက်ဖို့ လိုပါတယ်။ ဒါမှ သစ်တောအခြေအနေ အရပ်ရပ်ကို သိမှာဖြစ်ပါတယ်။

အထက်ဖော်ပြပါ ဌာနဆိုင်ရာ လုပ်ငန်းအရပ်ရပ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်အောင် နိုင်ငံတော်အစိုးရလုပ်ငန်း စီမံကိန်းတစ်ရပ် အနေနဲ့ လုံလောက်တဲ့ အသုံးစရိတ်ကို ခွင့်ပြုပေးပါလို့ တင်ပြမေတ္တာ ရပ်ခံပါတယ်။ အဖိုးတန်နိုင်ငံတော် သယံဇာတဖြစ်တဲ့ သဘာဝသစ်တောကြီး အဝွန့်ရှည်တည်တံ့ပါစေ။

ရွှေပြည်သာတောခေါင်းကြီး

ခရီးသွားဆောင်းပါး

အရှေ့သို့ ခရီးသွားခြင်း

သံသာခင်

လေဆိပ်ထဲသို့ ဝင်ရောက်လိုက်မိသည်နှင့် ကူမင်းမြို့ လေဆိပ်ကြီး ခေတ်မီခမ်းနားကြီးကျယ်သော ဒီဇိုင်းအသွင်အပြင်၊ ပျားပန်းခတ်မျှ လှုပ်ရှားသွားလာနေကြသော ပြည်တွင်း၊ ပြည်ပ ခရီးသည်များ၊ နိုင်ငံတကာ လေကြောင်းလိုင်းများမှ လေယာဉ်မောင်မယ်များနှင့် စည်ကားမှုကို တွေ့ထိခံစားလိုက်ရသည်။

မိမိတို့အဖွဲ့ကို လာရောက်ကြိုဆိုသောယူနန်ပြည်နယ် နိုင်ငံတကာရေးရာဌာနမှ ညွှန်ကြားရေးမှူး Mr.Cue Huan Yong က သူတို့နိုင်ငံ၏ ထူထပ်သော လူဦးရေ၊ ပိုမိုများပြားလာသော ပြည်တွင်း၊ ပြည်ပ ခရီးသွားများနှင့် လိုက်လျောညီထွေ အဆင်ပြေစေရန် ကူမင်းလေဆိပ်သစ်ကြီးကို ထပ်မံတည်ဆောက်ခဲ့ပြီး လွန်ခဲ့သော တစ်နှစ်ကျော်ခန့်က ထပ်မံဖွင့်လှစ်ခဲ့ပါကြောင်း၊ တရုတ်ပြည်တောင်ပိုင်း ယူနန်ပြည်နယ်တွင် တိုးမြှင့်လုပ်ဆောင်လျက်ရှိသည့် ခရီးသွားလုပ်ငန်းမြင့်တင်ရေးကို အထောက်အကူပြုနိုင်ရန်လည်း ရည်ရွယ်ပါကြောင်းပြောပြခဲ့ပါသည်။

သည်လိုနှင့်မိမိတို့အဖွဲ့ ညအိပ်ရပ်နားမည့် ယူနန်ပြည်နယ်၊ တယ်ဟုန် (တိုင်နှင့် ဂျိမ်းဖောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ) စီရင်စု၊ မြို့တော်မန်ရှိ (Mang Shi) သို့ ပြည်တွင်း လေကြောင်းလိုင်းတစ်ခုဖြစ်သော ရှန်းကျန့် လေကြောင်းဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ အတန်ညဉ့်နက်မှ ရောက်ရှိခဲ့ကြပါသည်။

ယခုမန်ရှိမြို့ကို ဒုတ်ဒုတ်ထိရောက်တော့မှ လွန်ခဲ့သော (၁၀)နှစ်ကျော်ကာလက မောင်နှမများနှင့်အတူ မူဆယ်၊ ကြယ်ဂေါင်နယ်စပ်ဂိတ်မှ တစ်ဆင့်လာရောက်လည်ပတ်ခဲ့ဖူးသော မြို့မှန်း သတိရလာခဲ့ရပါသည်။ အခု ရောက်တဲ့အချိန်က သန်းခေါင်နားနီး မှောင်မိုက်နေပြီဆိုတော့ မနက်ဖြန်လင်းလင်းရှင်းရှင်းကျမှပဲ "ဟဲလို မြို့မန်ရှိ" လို့ နှုတ်ဆက်ပါတော့မည်ဟု ဆုံးဖြတ်ပြီး အိပ်စက်အနားယူခဲ့ပါတော့သည်။ လေဟုန်နှစ်ထပ်စီး ခရီးလည်းပန်းလှပြီလေ။

နောက်တစ်နေ့နံနက်ဟိုတယ်မှ Wake Up Call ဖုန်းသံကြောင့်ကျွန်းစပ်နေသော မျက်လုံးများကို အားယူဖွင့်ကာနိုးထခဲ့ပါသည်။ မန်ရှိမြို့ကို ဟဲလိုဟု မနူတက်ဆက်နိုင်သေးဘဲ အဖွဲ့လိုက် ဆောင်ရွက်ရသည်ဖြစ်၍ မိမိတစ်ဦးတစ်ယောက်ကြောင့် နှောင့်နှေးမှု မဖြစ်စေရန် အမြန်ရေချိုးအဝတ်အစားလဲပြီး နံနက်ခင်းစာ စားရန် စားသောက်ခန်းမသို့ ဆင်းလာခဲ့ပါတော့သည်။

ဟိုတယ်တွင် နံနက်စာ စားအပြီးမှာ မန်ရှိမြို့ရှိ အထင်ကရ မွန်ဘာလ ရှစ်ဥယျာဉ်ကို သွားရောက်လေ့လာကြပါသည်။ ဥယျာဉ်ကြီးထဲမှာ ဒေသခံတိုင်းရင်းသား လူမျိုးစုတွေရဲ့ အဓိကအသုံးအဆောင်၊ တူရိယာပစ္စည်း အထိမ်းအမှတ်တွေကို လေ့လာခွင့်ရခဲ့ပါသည်။ အိုးစည်မောင်း၊ ဓားစသည်တို့မှာ မြန်မာနိုင်ငံမှ ရှမ်း ၊ ကချင်တို့ ရိုးရာအသုံးအဆောင်များနှင့် အလားတူပြီး တယ်ဟုန်(တိုင်နှင့် ဂျိမ်းဖော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု) ခရိုင်တွင်း လူဦးရေ ၄၆ သန်းအနက် အများစုမှာ ဂျိမ်းဖောလူမျိုးဖြစ်ပြီး တိုင်၊ ကချင်၊ ရှမ်း ၊ တအောင်း၊ လီဆူး၊ ဟန်လူမျိုးများလည်း ပါဝင်နေထိုင်ကြသည်ဟု စကားပြန်အရာရှိ Mr.Jou Rong (မြန်မာအမည် ကိုသက်နိုင်)က ပြန်ဆိုရှင်းပြပါသည်။

ချစ်ကြည်ရေး နလင်ကျော်ဝင်း

မိမိလည်း စကားပြန်ကိုသက်နိုင် ရှင်းပြသည့် အကြောင်းအရာများကို အာရုံစိုက်နားထောင်ရင်း ငယ်စဉ်က တေးသံရှင်ချိုပြီးသီဆိုခဲ့သော "မောတို့ပြည် နယ်ရှမ်း" သီချင်းထဲက "တိုင်ဆိုတာရှမ်း" ဆိုသည့် အပိုဒ်ကို နားထဲတွင်ကြားယောင်မိပြီး ယခုတွေ့ဆုံနေရသော တိုင်လူမျိုးများမှာ ရှမ်းအနွယ်ဝင်များပင်ဖြစ်ပြီး ၎င်းတို့ ပြောဆိုသည့် ဘာသာစကားမှာလည်း မြန်မာပြည်က ရှမ်းစကားနှင့် အတော်ဆင်တူကြောင်း သိခဲ့ရပါသည်။

ဆက်လက်ဖော်ပြပါမည်။

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေတိုဂုံဘုရားလမ်း၊ အမှတ်(၅၄)တွင် ဖွင့်လှစ်ထားသော U TUN HLAING & SONS ၏ပိုင်ရှင်ဖြစ်သူ ဦးဝင်းနိုင်[၁၂/လသန(နိုင်)၀၀၉၇၉၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါကုန်အမှတ်တံဆိပ် အမှတ်အသားများကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်နံပါး၏ မှတ်ပုံတင်အမှတ်- ၆၂၆၉/၂၀၀၀၊ ၁၃၆၉/၂၀၀၁၊ ၃၁၀၂/၂၀၀၃၊ ၃၁၀၃/၂၀၀၃ တို့ဖြင့် မှတ်ပုံတင် ထားပြီးဖြစ်ပါကြောင်း အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

WINNER®

NEW SUN®

မှတ်ပုံတင်အမှတ်-၆၂၆၉/၂၀၀၀ မှတ်ပုံတင်အမှတ်-၁၃၆၉/၂၀၀၁

DIAMOND CROWN UTH®

GOLDEN CROWN UTH®

မှတ်ပုံတင်အမှတ်-၃၁၀၂/၂၀၀၃ မှတ်ပုံတင်အမှတ်-၃၁၀၂/၂၀၀၃

U TUN HLAING & SONS သည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားဖြင့် ပီနံမိုးကာ၊ နိုင်လွန်မိုးကာ၊ မိုးကာပစ္စည်းအမျိုးမျိုး၊ ကြမ်းခင်း၊ စားပွဲခင်း၊ ပလတ်စတစ်အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် လက်လီ၊ လက်ကား ဖြန့်ချိရောင်းချလျက်ရှိကြောင်း အတိအလင်း အသိပေးကြေညာအပ်ပါသည်။သဘောတူခွင့်ပြုချက်မရှိဘဲ အခြားမည်သူတစ်ဦး တစ်ယောက်ကမျှဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ဖြစ်စေရန် တုပသုံးစွဲခြင်း၊ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း မပြုလုပ်ကြရန်နှင့် တုပသုံးစွဲသူ မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဦးဝင်းနိုင် (U TUN HLAING & SONS)၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှု အတိုင်းအတာအရ နစ်နာကြေးများကို ပေးလျော်ရမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးဝင်းနိုင်(U TUN HLAING & SONS)၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်သန်း(LL.B) ဒေါ်ဂရေစီအေးမြင့်(LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၇၇/စ၅) အထက်တန်းရှေ့နေ(စဉ်-၃၉၉၄၉/၁၂)

အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ပုပ္ပါးမြောက်ဘက်ခြမ်းတွင် ငှက်ပျောအစား အခြားသီးနှံများစိုက်ပျိုး

ကျောက်ပန်းတောင်း ဇွန် ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးဒေသမှ ရာသီပေါ်စိန်တလုံးသရက်သီးများ လှိုင်လှိုင်ထွက်ရှိနေပြီဖြစ်ရာ မူဆယ်၊ လားရှိုးနှင့် ရန်ကုန်စျေးကွက်များသို့ ကားအစင်းလိုက်တင်ပို့နေရကြောင်းသိရပြီး ဒေသတွင်း သရက်သီးစိုက်တောင်သူများနှင့် လက်ခစားလုပ်စားများလည်း လုပ်ငန်းအဆင်ပြေ၍ ဝင်ငွေကောင်းလျက်ရှိနေကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် စိန်တလုံးသရက်သီးများကို ပုပ္ပါးတောင်မြောက်ဘက်ခြမ်းရှိ နတ်ကန်လည်ကျေးရွာနှင့် ဆည်ကျေးရွာတို့မှ အများဆုံးထွက်ရှိပြီး အဆိုပါဒေသရှိ ဆုံကုန်း၊ နတ်ကန်လည်၊ ဆည်၊ လျှော်တော၊ ဆင်ဇင်း အစရှိသည့်ကျေးရွာများမှာ ယခင်က ပုပ္ပါးတောင်ရိပ်ကိုမှီခိုကာ ငှက်ပျောတစ်မျိုးတည်းကိုသာ အားထား၍ သားစဉ်မြေးဆက် စိုက်ပျိုးစားသောက်လာကြခြင်းဖြစ်ကြောင်းသိရသည်။

ယင်းနောက်တွင် နိုင်ငံတော်အစိုးရ၏အစီစဉ်ဖြင့် ငှက်ပျောအစား အခြားနှစ်ရှည်သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် ပညာပေးဆောင်ရွက်ခဲ့သဖြင့် စိန်တလုံးသရက်၊ သီဟိုဠ်သရက်၊ သင်္ဘော၊ ဩဇာ အစရှိသည့် သီးနှံများကို ရာသီအလိုက် ဒေသထွက်ကုန်များအဖြစ် ပြောင်းလဲစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

"ဟိုတုန်းကတော့ ငှက်ပျောတစ်သီးထဲကိုပဲ အားထားပြီးစိုက်ခဲ့ကြတာဆိုတော့ ဝင်ငွေအနေနဲ့ မစုမိကြဘူးဗျ။ တစ်လုံးတစ်ခဲတည်းမဟုတ်တော့ ရရစားစားပေါ့ဗျာ။ နောက်ပြီး အဲဒီတုန်းက လမ်းပန်းဆက်သွယ်ရေးကလည်း မကောင်းသေးတော့ ငှက်ပျောတစ်ထမ်းကို စျေးကွက်အရောက်ပို့နိုင်ဖို့ မနက် ၄ နာရီလောက်ကထပြီး ထမ်းပြေးရတာ။

ကျောက်ပန်းတောင်းပို့ဖို့ဆိုရင် ချိုင်းဂိတ်တို့၊ ပုပ္ပါးဂိတ်တို့ပို့ပေးရပြီး မြင်းခြံပို့ဖို့ဆိုရင် ခြောင်းမဂိတ်အထိ ထမ်းကြရတာ အင်မတန်ဆင်းရဲတာပေါ့ဗျာ။ ခုကျတော့လည်း နိုင်ငံတော်ရဲ့စေတနာကို ကောင်းကောင်းနားလည်ကြပါပြီ။ ခုကတော့ သရက်ချိန်သရက်၊ ဩဇာချိန်ဩဇာနဲ့ တခြားခြံထွက်သီးနှံတွေကို သူ့ရာသီနဲ့သူရောင်းရတာ ငွေလည်းတစ်လုံးတစ်ခဲတည်းရတယ်။ စုမိဆောင်းမိရှိလာကြတော့ မိသားစုတိုင်းလိုလို ခြောင်လည်လာကြတာပေါ့ဗျာ" ဟု နတ်ကန်လည်ကျေးရွာမှ သရက်ခြံပိုင်ရှင် ဦးသန်းနိုင်က ပြောသည်။

အဆိုပါကျေးရွာတွင် စိန်တလုံး၊ သီဟိုဠ်၊ ဩဇာနှင့် ထိုင်ဝမ်သင်္ဘောများစိုက်ပျိုးကြပြီး စိန်တလုံးသရက်သီးကို တန်ခူးလလယ်လောက်မှစ၍ ကျောက်ဆည်၊ မိတ္ထီလာ ဘက်မှ သစ်သီးပွဲစားများလာရောက်၍ ပင်ပြတ်ဝယ်ယူကြကြောင်း သိရသည်။

အဆိုပါပွဲစားများသည် ၎င်းတို့ ပင်ပြတ်ဝယ်ယူထားသည့်ခြံသို့ ၎င်းတို့ဒေသမှ ကျွမ်းကျင်လုပ်သားများခေါ်ယူ၍ အသီးအားဆေးဖြန်းခြင်း၊ သီးလုံးလှချိန်တွင် အိပ်စွပ်ခြင်းများကို ဆောင်ရွက်ကြပြီး ခူးဆွတ်ရမည့်အချိန်တွင်လည်း ၎င်းတို့ကိုယ်ပိုင်အလုပ်သမားများဖြင့်ပင် အသီးခူးခြင်း၊ အလုံးလှရွေးချယ်ခြင်း၊ တစ်ရှူးစက္ကူပတ်ခြင်း၊ ပါကင်ပုံးတွင်းထည့်ခြင်းနှင့် ကားတင်ခြင်းများကို နေ့ချင်းပြီးဆောင်ရွက်ကြပြီးနောက် သက်ဆိုင်ရာစျေးကွက်သို့တင်ပို့ကြကြောင်း သိရသည်။

စိန်တလုံးသရက်သီးရောင်းချရာတွင် အချို့ပင်ရေနည်းသည့်တောင်သူများမှာ မိမိတို့၏ ၁၅ ပင်၊ ပင် ၂၀ ခန့်ကို ဒေသခံအလုပ်သမားများငှားရမ်း၍ အချိန်မီ ခူးဆွတ်ခြင်း၊ စျေးကွက်တင်ပို့ခြင်းများ ဆောင်ရွက်ကြရာ ဒေသခံအလုပ်သမားများလည်း အလုပ်အကိုင်ရရှိကြပြီး ဝင်ငွေအနေဖြင့်လည်း ပုံမှန်ရရှိကြောင်း ယင်းလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

နတ်ကန်လည်ကျေးရွာတွင် စိန်တလုံးသရက်ခြံတစ်ခြံလျှင် အပင်အရေအတွက်နှင့် သီးအားကိုလိုက်၍ အနည်းဆုံး ကျပ် ၁၅ သိန်းမှ အများဆုံးကျပ် သိန်း ၁၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ကြကြောင်းသိရပြီး ခြံရှင်မှာ မြေဩကျွေး၊ ပိုးသတ်ဆေးဖျန်းခြင်းဖြင့် အပွင့်ပွင့်သည်မှ အသီးတင်သည်အထိသာ တာဝန်ယူရပြီး၊ ခြံပြတ်ရောင်းချပြီးပါက ခြံ၏လုံခြုံရေးမှလွဲ၍ အခြားကိစ္စကို ဂရုစိုက်ရန်မလိုတော့ကြောင်း သိရသည်။

ယခုအခါ အဆိုပါကျေးရွာများမှာ ဒေသတွင်းဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်းဖောက်လုပ်ခဲ့ပြီးဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ဒေသတွင်းထုတ်ကုန်များကို လျင်မြန်စွာတင်ပို့ရောင်းချနိုင်ပြီဖြစ်၍ ရာသီပေါ်သီးနှံများကို အချိန်နှင့်တစ်ပြေးညီ ရောင်းချရခြင်းဖြင့် စီးပွားရေးအခွင့်အလမ်း တပန်းသာနေကြခြင်းဖြစ်သည်။

အဆိုပါကျေးရွာများတွင် တပေါင်းလနှင့် တန်ခူးလ၌ သီဟိုဠ်သရက်များ လှိုင်လှိုင်ပေါ်၍ စျေးကွက်တင်ရောင်းချရပြီး တန်ခူးလနှင့် ကဆုန်လတွင် စိန်တလုံးသရက်များ စျေးကွက်တင်ရသဖြင့် ဒေသတွင်းတောင်သူများ အလုပ်အကိုင်နှင့် ဝင်ငွေရရှိကြသည်။

ယင်းအပြင် ထိုင်ဝမ်သင်္ဘောများလည်း နွေစာအဖြစ် ရာသီကိုက်ရောင်းချနေကြသူများရှိပြီး လာမည့်လများတွင် ဩဇာသီးရာသီရောက်ရှိလာတော့မည်ဖြစ်ရာ ငှက်ပျောအစားထိုးစိုက်ပျိုးသီးနှံများဖြင့် ပုပ္ပါးမြောက်ခြမ်းကျေးရွာများ၏ ဒေသခံများသည် ဒေသစီးပွားရေးအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်းနှင့် ဝင်ငွေရရှိကြကြောင်းသိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

၂၀၁၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

အထက်မင်းလှ ဇွန် ၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ချေးငွေအပေါ် အတိုးနှုန်းမှာ တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြစ်ပြီး ငွေကျပ် ၁၀၀ အပေါ် တစ်လလျှင် ၄၂ ပြားသာကျသင့်မည်ဖြစ်ကြောင်း သိရသည်။

မင်းလှမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှင့် အခြားသီးနှံတစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်သည်။

ယင်းအပြင် လုပ်ကွက်ငယ်တောင်သူများဖြစ်သည့် ၁၀ ဧကနှင့်အောက် တောင်သူများကိုသာ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)အရ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ် မေ ၂၈ ရက်အထိ ကျေးရွာအုပ်စုနှစ်အုပ်စု၊ တောင်သူ ၂၃ ဦးအား ချေးငွေပေါင်း သိန်း ၄၅ ဒသမ ၂၀ကို ထုတ်ချေးပြီးစီးကြောင်းနှင့် မင်းလှမြို့နယ်အနေဖြင့် ၂၀၁၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စု ၃၉ အုပ်စု၊ တောင်သူ ၃၂၀၀ အား ချေးငွေပေါင်းကျပ်သိန်း ၆၅၀၀ ထုတ်ချေးရန် လျာထားကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

ကြေးဝိုင်ရတဲ့ လှူဒါန်းနေပါသည်

ဗေဒင်ဆရာ၊ တွင်းအိမ်ရာ
ဖင်လောခတောင်ညွှန်ပြုသော၊ ရေကူနှင်ခန
ခေါ်ခေသောင်းသောင်းနဲ့ (ခမ္ဘာခန) ဓိသာဒေ ၅
ကြေးပြား(၂၀)ရှေ့၊ တာနိုမို - ၅၂၀၀၀၀ကျော် ကို
ကြေးဝိုင်ရတော့ ဦး၊ဆောင်ဆရာခေတော်ထံ
သာခရောက် လှူဒါန်း၊သွား၊ပါသည်။

ဆောင်လွယ်လှူဒါန်း၊ထုတ်ဌာန - ဖင်လောတိုက်ခိုးတလုပ်၊ ဝေဟာင်ဆောက်ရာခွေတျောင်တိုက်ကြီး၊ ကမ္ဘာဆော၊တုတ်၊လမ်း၊ (ဘုရားတောင်၊ ဝေဟာဝင်ခြေ)။ ကြေး ဘောရေးပ်ကွက်၊ မဟာဒဏ္ဍာ ပြန်ပေး၊ ရန်ကုန်၊ ဖုန်း ၀၁၆ ၃၄ ၂၃ ၂၆ ၊ ၀၁ ၄၇ ၂၃ ၂၆ ၊ ၀၁ ၃၂ ၁၀ ၁၆ ၊ ၀၁ ၃၂ ၁၀ ၁၆ ၊ ၀၁ ၃၂ ၁၀ ၁၆ ။

Great International Co.,Ltd

ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဘွဲ့ရရှိထားသည့် ဝန်ထမ်းများ အလိုရှိသည်။

စဉ်	ပညာအရည်အချင်း	လုပ်သက် ၃ နှစ်အောက်	လုပ်သက် ၃ နှစ်အထက်	လုပ်သက် ၅ နှစ်အထက်
1	CPA	၅ ယောက်	၂ ယောက်	၁ ယောက်
2	ACCA II	၃ ယောက်		
3	ACCA I	၅ ယောက်	၃ ယောက်	၃ ယောက်
4	B.Com	၅ ယောက်	၇ ယောက်	၅ ယောက်
5	LCCI III		၅ ယောက်	၅ ယောက်
6	LCCI II	၅ ယောက်	၅ ယောက်	

[နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း ဇွန်လ(၁၅)ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ရှိပါက မိတ္တူ၊ ခေတ်ပုံ(၁)ပုံ၊ ကိုယ်ရေးရာဇဝင်၊ ဘွဲ့လက်မှတ်မိတ္တူ၊ သင်တန်းဆင်းလက်မှတ်၊ မိမိနှစ်သက်ရာ မြန်မာစာ (၁)ပုဒ်၊ အင်္ဂလိပ်စာ(၁)ပုဒ်၊ ကိုယ်တိုင်ရေး၍ မျှော်မှန်းလစာနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။ ကုမ္ပဏီတွင် အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။]

လိပ်စာ- အမှတ်(၁၆၈)၊ မဟာဗန္ဓုလလမ်းနှင့် ၅၃လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်။

ကျေးဇူးတင်လွှာ

ကျွန်တော်-ကျွန်မတို့၏ ချစ်လှစွာသော သားရတနာလေးကို စေတနာမေတ္တာအပြည့်ဖြင့် မွေးဖွားသန့်စင်ပေးပါသော သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်မကြီး ဒေါက်တာ ဒေါ်ခင်မျိုးဦး၊ ကလေးအထူးကုဆရာဝန်မကြီး ပါမောက္ခ ဒေါက်တာ ဒေါ်ကေသီထွန်း၊ မေ့ဆေးဆရာဝန်မကြီး ပါမောက္ခ ဒေါက်တာ ဒေါ်မိမိအောင်နှင့်အဖွဲ့၊ ဝိတိုရိယဆေးရုံမှ အုပ်ချုပ်ရေးအဖွဲ့၊ တာဝန်ကျဆရာဝန်များနှင့် သူနာပြုများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးပင် လှိုက်လှဲစွာတင်ရှိပါသည်။

ကိုစစ်နိုင် + မသက်မွန်မြင့်

အခန်းဆက်ဆောင်းပါး

သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်သည် ၁၉၉၉ ခုနှစ်က မန္တလေးနေ့စဉ်သတင်းစာတွင် ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်ဟူသော ခေါင်းစဉ်ဖြင့် မန္တလေးမြို့ရပ်ကွက် သမိုင်းများ၊ လေးပြင်လေးရပ်ရှိ ရပ်ကွက်ဝင်းများအကြောင်းကို ကွင်းဆင်းသုတေသနပြုလုပ်ကာ အပတ်စဉ်ဆောင်းပါးများ ရေးသားခဲ့သည်။ တစ်နှစ်ကျော်ခန့် ရေးသားပြီး ၂၀၀၀ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန မန္တလေးနေ့စဉ် သတင်းစာတိုက်မှ လုံးချင်းစာအုပ်အဖြစ် ရိုက်နှိပ်ခဲ့သည်။ တစ်နှစ်ကျော်အတွင်း အုပ်ရေ ၉၀၀၀ ကုန်သွားသည်။ ယင်းစာအုပ်သည် ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု (သုတပဒေသာ ဝိဇ္ဇာဘာသာရပ်) ဖြင့် ဆုရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့ "ဖြိုး" စာပေမှ ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် တစ်ဖန် မန္တလေးမြို့ မင်းမဟော်စာပေတိုက်မှ တတိယအကြိမ် အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ဆရာနတ်မောက်ထွန်းရှိန်သည် သတင်းစာဆောင်းပါးများနှင့် အကျိုးပေးသည်ဟု ဆိုရပေမည်။ ၂၀၁၀ ခုနှစ်တွင် ရတနာပုံမန္တလေးနိုပါတ်ပန်းချီကျော်များနှင့် ဗုဒ္ဓဝင်ပညာပေးမြန်မာ့နိုပါတ်ပန်းချီလက်ရာများ ဆောင်းပါးပေါင်းချုပ်ဆက်လက်ရေးသားထုတ်ဝေခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု) ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဒုတိယအကြိမ် အမျိုးသားစာပေဆုရရှိခြင်းဖြစ်သည်။ ထို့နောက် မန္တလေးနေ့စဉ် သတင်းစာတွင် မန္တလေးခေတ် ပိဋ္ဌကတ်ပုံနိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋ္ဌကတ်စာအုပ်ဆိုင်များအကြောင်း ဆက်လက်ရေးသားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ရတနာစာပေမှ ထုတ်ဝေခဲ့ရာ ၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု (သုတပဒေသာဘာသာရပ်) စာပေဆု ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာတွင် လှုပ်တန်းကြ မန္တလေးမြို့က ကျောင်းအမများ ခေါင်းစဉ် ဖြင့် ဘာသာသာသနာ့ဆိုင်ရာ လှုပ်ခါန်းကြသူများ ပရဟိတ လုပ်ငန်းများတွင် ကြိုးပမ်းလှုပ်ခါန်းနေကြသူ ကျောင်းဒကာ ကျောင်းအမများ ဘဝတစ်စေ့တစ်စောင်းအကြောင်းရေးသားလျက်ရှိသည်။

ဆရာ၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)

ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

နတ်မောက်ထွန်းရှိန်

ယခင်အပတ်မှအဆက်

ထို့ကြောင့် ထိုမင်းသမီးကို ဆင်ဖြူမယ်ဟု ဘိုးတော်မင်းတရားက ဘွဲ့ယူစေသည်။ နောင်တွင် ထိုမင်းသမီးနှင့် အိမ်ရှေ့ စစ်ကိုင်းမင်းသားတို့ ထိမ်းမြားသည်။

ဘိုးတော်မင်းတရားလက်ထက် ဆင်ဖြူတော်များရရှိခဲ့ပုံနှင့် ဆင်ဖြူတော်လက်ဖွဲ့စာရင်း၊ ဆင်ဖြူတော် ဆင်မင်းကို အဖူးအမြော် လာရောက်ပုံများ၊ သက်ကြီးရွယ်အိုတို့ကိုလည်း ဘုရင်က ရွှေ ငွေ၊ ဝတ်စုံများ အထိုက်အလိုက်ပေးတော်မူပုံများ၊ ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် တခမ်းတနား ဖတ်ရှုရသည်။ ဘိုးတော်မင်းတရားကား ၁၁စာသုနှစ် နယုန်လဆန်း ၁၃ ရက် သက်တော်ရှစ်ဆယ့်တစ်နှစ်တွင်ကံတော်ကုန်ခဲ့၏။ အမရပူရမှတ်တမ်းကို ရေးခဲ့ဖူးသော စကော့အိုကွန်းနားက ဘိုးတော်၏ ရွှေမြို့တော်ကိုဆက်ခံသူသည် "ဘိုးတော်၏ ရွှေမြို့တော်ကို စွန့်ခွာရန် စိတ်ကူးရလာပြန်သည်တွင် အမရပူရမြို့ကြီးသည်လည်း ၁၂ နှစ်မျှ တောကြီးဖြစ်ခဲ့ရပြန်၏" ဟု ရေးသားထားပေသည်။ အကြောင်းမှာ ဘကြီးတော်သည် အင်းဝနေပြည်တော်၌ ထီးနန်းစံခဲ့သောကြောင့်ဖြစ်၏။ ၁၁၉၉ ခုနှစ် နန်းတက်သော သာယာဝတီမင်း လက်ထက်၌မူ အမရပူရမြို့တော်ကိုပြန်လည် တည်ဆောက်သော မင်းအဖြစ် ထင်ရှားသည်။ အမရပူရဒုတိယမြို့တည် နန်းတည်မင်းဟုလည်း ခေါ်ဝေါ်ကြသည်။ သူ့နောက် ပုဂံမင်းသည် ၁၂၀၀ ခုနှစ် ၌ နန်းတက်သည်။ ဘိုးတော်မင်းတရား၏ အရိုက်အရာအတိုင်း အမရပူရနေပြည်တော်တွင် သာသနာပြုမင်းများအဖြစ် ဆက်လက်အမွေခံခဲ့ကြသည်။

ဤမျှမက ရှေးခေတ် အမရပူရရွှေနန်းတော် မြို့တော်ကျုံး၊ စေတီပုထိုးများ၊ နန်းမူနန်းရာ ဝတ်စားဆင်ယင်မှု များမှအစ ပြည်ပသံတမန်များက မှတ်တမ်းတင်ခဲ့ကြသောကြောင့် အချို့ ရှေးဟောင်းအထောက်အထားအဖြစ်ကြည့်ရှုမှတ်ယူနိုင်ကြသောကြောင့် ဖြစ်သည်။ မြန်မာနန်းတွင်း မှူးမတ်ပညာရှိများကလည်း သမိုင်းမှတ်တမ်းများရေးဖွဲ့ မှတ်တမ်းတင်ခဲ့ကြသဖြင့် နောင်းခေတ်သမိုင်းလေ့လာသူများ စာတွေ့လေ့လာခွင့်ရကြသည်။ ထိုအထဲတွင် ပုရပိုက်မြေပုံများကလည်း သမိုင်းအခြေခံမှတ်တမ်းများ ဖြစ်သည်။

ဦးပိန်တံတား

မည်သို့ပင်ဖြစ်စေ အင်းဝနေပြည်တော်က ရွှေပြောင်းမြို့တည်ထောင်ခဲ့သော အမရပူရသည် ဘိုးတော်လက်ထက်၌ လူမှုရေး၊ စီးပွားရေး၊ မြို့ပြအိမ်ရာများနှင့် စည်ကားဖွံ့ဖြိုးခဲ့ပုံကို သမိုင်းစာမျက်နှာ မှတ်တမ်းမှတ်ရာများ၌ တွေ့ရသည်။ မျက်မှောက်ခေတ်တွင်အမရပူရမြို့ဟောင်းသည် စေတီပုထိုး သမိုင်းအဆောက်အအုံ နေရာတစ်ချို့နှင့် ရှေးခေတ်ကို တစေ့တစောင်းပြသလျက်ရှိသော်လည်း မန္တလေးမြို့တော်နှင့် ဆက်စပ်လျက်ရှိနေသဖြင့် တိမ်မြပ်လုမတက် ရှိနေသည်။ ရက်ကန်းလုပ်ငန်းဖြင့် ထင်ရှားသော မြို့တစ်မြို့အဖြစ် အသိအမှတ်ပြုကြရသည်။ သို့ရာတွင် သမိုင်းကို ပြောပြနေသော ရပ်ကွက်ကြီးများ၏ အမည်များ၊ အနုပညာလုပ်ငန်းရပ်အတန်းအစုအတွက် အမည်များက ရှေးခေတ်အမရပူရကို ပြောပြနေဆဲရှိသည်။

ယခုအခါ အမရပူရ လေ့လာစရာများအဖြစ် ရှေးဦးစွာ ဦးတိုက်လေ့လာကြည့်ရှုကြသော နေရာကား တောင်သမန် ဦးပိန်တံတားဖြစ်သည်။ သက္ကရာဇ် ၁၂၁၁ ခုနှစ် ပုဂံမင်းလက်ထက် အမရပူရမြို့ဝန် ဘိုင်ဆင်၏ တပည့် မြို့စားရေး ဦးပိန်က တည်ဆောက်ခဲ့သောကြောင့် ဦးပိန်တံတားဟု တွင်ခဲ့၏။ မြို့စာရေး ဦးပိန်သည် မိုးတွင်းကာလတောင် သမန်တစ်ဆယ့်နှစ်ရပ်မှ လူအများ သွားလာလွယ်ကူရေးအတွက် စစ်ကိုင်း၊ အင်းဝ နန်းတော်၊ အိမ်တော်များမှ သစ်သားဟောင်းများကို ဘုရင့်ထံလျှောက်တင်ပြီး ရရှိသမျှနှင့် အခြေတည်ဆောက်လုပ်ခြင်းဖြစ်ရာ ယနေ့တိုင် တံတားအိုကြီး မြင်ကွင်းက မြန်မာမှုကို ဆွဲဆောင်ပြသဆဲရှိသည်။ ခေတ်အဆက်ဆက် လေဒဏ်၊ မိုးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့မှုများကို ပြုပြင်ခဲ့ရသည်။

တံတားကို ဆောက်လုပ်ရာ၌ နှစ်နှစ်မျှကြာခဲ့သည်။ မြန်မာအင်ဂျင်နီယာ ပညာရှင်တို့က စကေးမှန်ချိန်မပါဘဲ ခြေလှမ်းဖြင့်တိုင်း၍ ဆောက်ခဲ့သော မြန်မာမှုတံတားကြီးဖြစ်သည်။ လှိုင်းဒဏ်၊ လေဒဏ်ခံနိုင်အောင် ဖြောင့်တန်းစွာ မဆောက်ဘဲတောင်ဘက်သို့ဦးမော့ကွေ့ဝိုက်ကာ ကျင်တွယ်ပုံသဏ္ဌာန်ဆောက်လုပ်ထားသည်။

ဦးပိန်တံတားကြီး၏ တိုင်ပေါင်းကို ရှေးခေတ်မှတ်တမ်းအရ တိုင်ပေါင်း ၉၈၄ တိုင်ရှိသည်ဟု မှတ်သားရသည်။ ဆောင်ပုဒ်ကလေးအရ နဝအဋ္ဌဇယ မောင်ပိန်ဟူ၍ ဖြစ်သည်။ ခေတ်ကာလ ရွှေ့လျားလာသဖြင့် တံတားကြီးကို အရှေ့ထိပ်၊ အနောက်ထိပ်ပြုပြင်တည်ဆောက်ခဲ့ရသလို ရေလယ်ဇရပ်များကိုပြုပြင်တည်ဆောက်ခဲ့ရသည်။ ဇရပ်လေးဆောင်မှ တိုင်များပါပေါင်းလျှင် တိုင်ပေါင်း ၁၀၈၆ တိုင်ရှိမည်ဖြစ်သည်။ အခန်းပေါင်း ၄၈၂ခန်း၊ တံတားအရှည် ၃၉၆၇ ပေ၊ တစ်မိုင်၏ လေးပုံသုံးပုံရှည်လျားသည်။ နှစ်ပေါင်း ၁၅၀ သက်တမ်းရှိပြီဖြစ်သည့် ဦးပိန်တံတားသည် အမရပူရ ရှေးဟောင်းမြို့တော်၏ အမှတ်သင်္ကေတအဖြစ် ရပ်တည်လျက်ရှိသည်။

တောင်သမန်ကျောက်တော်ကြီး

ဦးပိန်တံတားအရှေ့ထိပ် တောင်သမန်ရွာတွင် အမရပူရခေတ် ကျောက်တော်ကြီးဘုရားခေါ် မဟာသက္ကရံ သီဘုရားသည် ထင်ရှားသောဘုရားတစ်ဆူဖြစ်၏။ နိုင်ငံခြား ကမ္ဘာလှည့်ခရီးသည်များ သွားရောက်ဖူးမြော်ကြည့်ရှုကြသော ဘုရားဖြစ်၏။ ထူးခြားမှုမှာ အမရပူရခေတ် နံရံဆေးရေး ပန်းချီလက်ရာများရှိနေသောကြောင့်ဖြစ်၏။ အမရပူရအနီးတစ်ဝိုက်တွင် ကျောက်တော်ကြီးဘုရားကဲ့သို့ နံရံဆေးရေးပန်းချီရှိသော ဂူဘုရားများမရှိပေ။ ဘကြီးတော်မင်းခေါ် စစ်ကိုင်းမင်းလက်ထက်တွင် တောင်သမန်ကျောက်တော်ကြီး စကျင်ကျောက်ရုပ်ပွားတော် စတင်ထုလုပ်စေခဲ့ပြီး စကျင်တောင်မှ ဇရာဝတီမြစ်ကြောင်းဖြင့် မင်းကွန်းအတိုင်း သယ်ဆောင်စေသည်။

ကျောက်တော်ကြီးကို သက္ကရာဇ် ၁၁၉၁ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်မှစ၍ စကျင်တောင်မှပင့်ဆောင်ရာ ၁၁၉၂ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့တွင် ရွှေမြို့တော် (ရတနာပူရ)ဆိပ်ကမ်းသို့ ရောက်သည်။ ကျောက်တော်ကြီးကို မြို့တွင်းသို့အရောက်ပင့်ဆောင်ရသည့် လူအင်အားမှာ အတွင်းကိုယ်ရံတော် လူ (၄၄၀၀)၊ နေပြည် တော်မှ အညာတပြင် မြို့ကျေးရွာလေ့အမှုထမ်းလူ (၈၆၀)၊ စုစုပေါင်း အမှုထမ်းလူ (၅၂၆၀)ပါဝင်သည်။

ဆက်လက်ဖော်ပြပါမည်။

[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]

ဆရာကောင်းမှ တပည့်ကောင်းမည်
မူလတန်း၊ အလယ်တန်း၊ အထက်တန်း
■ ရည်ရွယ်ချက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီးဖြစ်သည်ဟု ယုံကြည်သည်။
■ အခြေခံမူကြီးများ စာရိတ္တမလျှော့ရိုင်းကြွေခိုင်ရေး၊ စည်းကမ်းကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။
■ ကျောင်းမှန်မှန်မှန်တက် စာမခက် ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့် ဆရာ၊ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရှိရှိ ကြိုးပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင် ထပ်မံယူရန် မလိုအပ်ပါ။ သို့သော် စာကျက်ချိန်ကို တိတိကျကျသတ်မှတ်ပြီး နေ့စဉ် သင်ပေးသမျှ သင်ခန်းစာများအား အချိန်မှန် ကျက်မှတ်လေ့ကျင့်ရန် (အထူး) အထူးလိုအပ်ပါသည်။
■ ပညာရည်ချွန်ဆု ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။
■ ဝိဇ္ဇာပညာသင်ဆု နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း) ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။
ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/ဝဇ/၀၁၀
စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ
ဂုဏ်ထူးဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန်ဦးထွန်းနွယ်
ပညာရည်ရောင်လင်း
ဦးစီးတည်ထောင်သော
နေမင်းတံဆိပ်ဝတော်
ပညာနန်းတော်
အ.ထ.က
ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း
၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါဆောင်နေရာပြည့်ပါပြီ
အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ
• အဆောင်မှူး(ဘွဲ့၅) ဆရာ၊ဆရာမများ အလိုရှိပါသည်။
ရန်ကုန်ခရိုင်ပညာရေးကောင်းမည်
မူလတန်း၊ အလယ်တန်း၊ အထက်တန်း
■ ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးကို နိုင်ငံကျော် ဆရာ၊ ဆရာမကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

အတန်း	ကျောင်းချိန်	ကျောင်းလခ	ဝင်ကြေး
သူငယ်တန်း	ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ	၃၅၀၀၀	၂၀၀၀၀
၁-တန်း	။	၃၅၀၀၀	၂၀၀၀၀
၂-တန်း	။	၃၅၀၀၀	၂၀၀၀၀
၃-တန်း	။	၄၀၀၀၀	၂၀၀၀၀
၄-တန်း	။	၄၀၀၀၀	၂၀၀၀၀
၅-တန်း	။	၄၀၀၀၀	၃၀၀၀၀
၆-တန်း	။	၄၀၀၀၀	၃၀၀၀၀
၇-တန်း	။	၄၀၀၀၀	၃၀၀၀၀
၈-တန်း	နံနက် ၇း၀၀ မှ ၁၂း၀၀ နာရီ	၄၅၀၀၀	၃၀၀၀၀
၉-တန်း	။	၅၀၀၀၀	၄၀၀၀၀
၁၀-တန်း	။	၆၀၀၀၀	၄၀၀၀၀

■ လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။
(ကျောင်းပြောင်း လက်မှတ်ကို ဖွန်လမှ ပေးပါ)
ဖွန် ၄ ရက် ဖွင့်မည်
ရြံအမှတ် 118 A/B ကျွန်းရွှေမြို့ပင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ။ ဖုန်း 01-577 605 ကျောင်း - A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။ ဖုန်း 09 73036827, 09 47074649

Myanmar THAMES International
အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများရှိ Supervisor အဆင့်ရှိသူများအတွက် ရည်ရွယ်သည့်
Building Construction Basic Safety Supervisor Training Course
သင်တန်းကို ၈-၆-၂၀၁၅ ရက်မှ စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရ (သို့) အင်ဂျင်နီယာဒီပလိုမာ (သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဆောက်လုပ်ရေးလုပ်ငန်း လုပ်သက်(၂) နှစ်ရှိပြီးသူများ တက်ရောက်ခွင့်ရှိပါသည်။
Conducted by Experiences Safety Engineers from UE Group of Companies to promote safety culture in Myanmar.
2nd Floor, Myay Ni Gone Plaza, Tel: 525971,501450,0973147379

ပျောက်ဆုံး

ကျွန်မ မမေမြတ်သူ[၁၂/ဥကတ(နိုင်)၁၆၅၅၄]ကိုင်ဆောင်သူ၏ မှတ်ပုံတင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၁-၈၀၁၀၃၇၉

အမည်ပြောင်း

ဦးထွန်းမြင့်[၁၀/ကထန(နိုင်)၀၄၃၄၉၉]၏ သားဖြစ်သူ အထက(၁)မြောက်ဥက္ကလာ၊ ဒသမတန်း(B) ၌ ပညာသင်ကြားနေသော မောင်ဝမ်းဝမ်းထွန်းအား မောင်သီဟအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်သီဟအောင်

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မသန္တာနိုး(၁၂/အစန(နိုင်)၁၉၀၂၇)သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူဆောင်ရွက်ပြီးမိဘများအရှက်တကွဲအကျိုးနည်းဖြစ်အောင် ကြမ်းတမ်းစွာအော်ဟစ်ပြောဆိုပြုမှု၍ မိဘများအရှက်ရအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ယနေ့မှစ၍မသန္တာနိုး(၁၂/အစန(နိုင်)၁၉၀၂၇)အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။
ခေါ်ဝေဝေမော်(မိခင်)
၁၂/အစန(နိုင်)၁၀၉၃၃၉

မြိတ်အကျဉ်းထောင်၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ခြင်း သင်တန်းအမှတ်စဉ် (၁)ဖွင့်လှစ်သင်ကြား

မြိတ် ဇွန် ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ မြိတ်အကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသော အကျဉ်းသားများအား အခြေခံစာတတ်မြောက်ရေး 'အ'သုံးလုံးသင်တန်း အမှတ်စဉ်(၉)ကို ဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိရာ အဆိုပါသင်တန်း သင်တန်းဆင်းပွဲနှင့် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း အမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲကို ဇွန် ၁ ရက် နံနက် ၈ နာရီက မြိတ်အကျဉ်းထောင်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြိတ်အကျဉ်းထောင် တာဝန်ခံထောင်မှူးဦးမြတ်သိန်းက သင်တန်းဖွင့်လှစ် သင်ကြားပေးရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့ရာ အကျဉ်းသားများထောင်မှ လွတ်မြောက်သည့်အခါ သမာအာဇီဝကျသည့် လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ပြီး နိုင်ငံအပေါ် တစ်ဖက်တစ်လမ်းမှ ကူညီနိုင်ရန်ရည်ရွယ်ပြီး သင်တန်းများဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်းထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဝင်းက သင်တန်းတက်ရောက် သင်ကြားသည့် အကျဉ်းသားများအား ဆုံးမသြဝါဒစကားပြောကြားပြီး အခြေခံစာတတ်မြောက်ရေး 'အ' သုံးလုံးသင်တန်း အရည်အချင်းစစ်စာမေးပွဲတွင် ဆုရရှိသည့် သင်တန်းသားသုံးဦးအား မြိတ်အကျဉ်းထောင် တာဝန်ခံထောင်မှူးမှ ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းနောက် အခြေခံမော်တော် ဆိုင်ကယ် ပြုပြင်ခြင်း သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများအား သင်တန်းနည်းပြထံသို့ ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ အခြေခံစာတတ်မြောက်ရေး 'အ' သုံးလုံးသင်တန်းသို့ အကျဉ်းသား သင်တန်းသား ၂၀ တက်ရောက်သင်ကြားခဲ့သည်။ ယခုဖွင့်လှစ်သည့် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း အမှတ်စဉ်(၁)သို့ သင်တန်းသား အကျဉ်းသား ၂၀ တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

စော်မျိုးနိုင်(မြိတ်ခရိုင်ပြန်/ဆက်)

ယခုလရာသီ စက်ဘီးအရောင်းဆိုင်များ ရောင်းအားမြင့်၍ စက်ဘီးပြုပြင်ရေးလုပ်ငန်းလုပ်သူများ ဝင်ငွေပိုမို

ရမည်းသင်း ဇွန် ၄

ကျောင်းဖွင့်ရာသီနီးလာသည်နှင့်အမျှ ယခုလရာသီ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ စက်ဘီးအရောင်းဆိုင်များ၊ အပိုပစ္စည်းအရောင်းဆိုင်များ ယခင်လများထက် အရောင်းသွက်၍ စက်ဘီးပြုပြင်ရေးလုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေပိုမိုရရှိကြောင်း သိရသည်။

အများအားဖြင့် စက်ဘီးပြင်သောဆိုင်များတွင် ယခင်လများက ဘီးပေါက်ဖာခြင်းကဲ့သို့သော လိုအပ်သည့် ပြင်ဆင်ခြင်းလုပ်ငန်းကိုသာ လုပ်ကိုင်ရသော်လည်း ယခုလတွင် ကျောင်းဖွင့်ချိန်နီးလာသည်နှင့်အမျှ ကျောင်းသူ၊ ကျောင်းသားများ၊ ကျောင်းဆင်း၊ ကျောင်းတက်သွားလာရေးအတွက် အဓိကလိုအပ်သော စက်ဘီးများကို လိုအပ်သောပြင်ဆင်မှုများပြုလုပ်ခြင်း၊ အိုဘာဟွန်းကိုင်ခြင်းစသောလုပ်ငန်းများ ပို၍လုပ်လာရသည်ဟုသိရသည်။

စက်ဘီးတစ်စီး (အဟောင်း၊ အသစ်) အိုဘာဟွန်းကိုင်လျှင် တစ်စီး ကျပ် ၃၀၀၀ ရရှိကြောင်း၊ စက်ဘီးအသစ်ကို လိုအပ်သောပြင်ဆင်မှုအိုဘာဟွန်းပြုလုပ်ပါက တစ်နေ့ လေးစီးပြီးနိုင်သော်လည်း အဟောင်းပြုလုပ်ရပါက နှစ်စီးသာပြီးကြောင်း၊ စက်ဘီးအသစ် ဝယ်ကြရာတွင် အများအားဖြင့် ကိုရီးယားဘီးကိုသာဝယ်ကြပြီး ယခင်နှစ်ကထက် ဝယ်သူများကြောင်း၊ မြို့ဝန်းကျင် သုံးလေးမိုင်ဝေးသော ကျေးရွာများမှ လေးတန်းအောင် ၅၊ ၆တန်း တက်ကြမည့် ကျောင်းသား၊ ကျောင်းသူများ အဓိကထားဝယ်ကြကြောင်းစက်ဘီးရောင်းဝယ် ပြုပြင်သူအသိုင်းအဝိုင်းက ပြောသည်။

စက်ဘီးအသစ်များကိုလည်း အိုဘာဟွန်းကိုင်ခြင်းအပြင် လိုအပ်သည်များပြုလုပ်ပေးရကြောင်း၊ ယခုနှစ်တွင် စက်ဘီးအသစ်ဝယ်ယူသူများသည်ကဲ့သို့ အဟောင်းများကိုလည်း လိုအပ်သည်များ ပြန်လည်ပြုပြင်ပေးရ၍ အလုပ်များကြောင်း၊ ကျောင်းဖွင့်ပြီးနောက်ပိုင်း ပဲတီစိမ်းပေါ် ချိန်တွင် ယခုထက်ပိုမို စက်ဘီးဝယ်ယူသူများ တက်ကြောင်း၊ ယခင်လထက် ယခုလတွင် လုပ်ငန်းကောင်း၍ ဝင်ငွေသင့်ကြောင်း စက်ဘီးပြုပြင်သူ တစ်ဦးက ပြောသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

မာယလုလင်လူမှုကူညီရေးအသင်းမှ ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့

ကျောက်ပန်းတောင်း ဇွန် ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ စံပြရပ်ကွက် မာယလုလင်လူမှုကူညီရေးအသင်းမှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် ရပ်ကွက်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအားစာရေးကိရိယာများထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

ကျောင်းသား၊ ကျောင်းသူများအတွက် ငွေကျပ် ၆၄၂၆၁ဝတန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများကို ဇွန်လ ၁ ရက်၊ ညနေ ၄ နာရီမှ ၆ နာရီ အထိရပ်ကွက်အတွင်းလှည့်လည်၍ အိမ်တိုင်ရာရောက်ပေးအပ်ခဲ့သည်။

အဆိုပါ လူမှုကူညီရေးအသင်းမှ လူငယ်များသည် ရပ်ကွက်အတွင်းမှ ကောက်ခံရရှိသည့် အလှူငွေများဖြင့် ရပ်ကွက်သာရေး၊ နာရေးကိစ္စများကို ကူညီဆောင်ရွက်မှုပေးနေသည့် အပြင် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအတွက်လည်း လိုအပ်သည့်စာရေးကိရိယာများကို ယမန်နှစ်မှစတင်၍ ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ခုနှစ်တွင် လူမှုကူညီရေးအသင်းမှ ထောက်ပံ့ပေးအပ်နိုင်မှုမှာ သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသုံးဗလာစာအုပ် ၃၃ဝ၉ အုပ်၊ ခဲတန် ၁၁၃၄ ချောင်း၊ ဘောလ်ပင် ၁၁၆၃ ချောင်း၊ ဖော့တုံး ၃၃၅ တုံးနှင့်ပေတံ ၃၃၅ ချောင်းတို့ ဖြစ်ပြီး အသင်းဝင်လူငယ်များမှ ရပ်ကွက်အတွင်းသို့ မော်တော်ယာဉ်ဖြင့်လှည့်လည်၍ လိုက်လံထောက်ပံ့ကြခြင်းဖြစ်သည်။

ကိုနေ(ကျောက်ပန်းတောင်း)

ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(KSD)ဘားအံမြို့
ပထမအကြိမ်နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားခြင်း

ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Kayin State Development Public Company Limited)ဘားအံမြို့၏ ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ယခင်သတ်မှတ်ကြေညာခဲ့သည့် နေ့ရက်အစား ၂၀၁၅ ခုနှစ် ဇူလိုင်လ(၂၆)ရက် တနင်္ဂနွေနေ့ နံနက် ၀၉း၀၀ နာရီအချိန်တွင် ခွဲကပင်ခန်းမ၌ ကျွင်းပမည်ဖြစ်ပါကြောင်းနှင့် အစုရှယ်ယာရှင်အားလုံး အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် Board Of Director များ ရွေးချယ်တင်မြှောက်ခြင်း၊ အစုရှယ်ယာအပေါ် အမြတ်ငွေများခွဲဝေခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့

ကားရောင်းမည်
(ပိုင်ရှင်ကိုယ်တိုင်)
ကိုရီးယားကြောင်ပေါက် (၃၃)
ယောက်စီး AC Express
3F/--- 2002 Mdl
သိန်း(၂၅±) အသင့်သုံးနိုင်သည်။
ဖုန်း-၀၉ ၉၃၉၀၀၆၉၃၁

ဖြူးမြို့နယ်အသင်း(ရန်ကုန်)
(ဖြူး-ဇေယျဝတီ-ကညွတ်ကွင်း-ညောင်ပင်သာ)
နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ပညာရည်ချန်ဆုပေးပွဲ ကျင်းပမည်ဖြစ်ပါ၍ အသက်(၇၅)နှစ်ပြည့် အသင်းသူ၊ အသင်းသား သက်ကြီးများနှင့် (၂၀၁၃-၂၀၁၄) (၂၀၁၄-၂၀၁၅) ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော (ရန်ကုန်တွင် နေထိုင်ကျောင်းတက်အောင်မြင်ခဲ့သော) အသင်းဝင်သားသမီးများ (အောင်စာရင်းမိတ္တူအထောက်အထားနှင့်တကွ) အောက်ပါအမှုဆောင်များထံသို့ ဆက်သွယ်စာရင်းပေးသွင်းကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။
(အသင်းနှစ်ပတ်လည် အခမ်းအနားကျင်းပမည့်နေ့- နေရာတို့ကို ထပ်မံကြေညာပါမည်)
ဦးဝင်းစိန် ၀၉-၅၅၀၁၈၄၇၃၊ ဦးကျော်ကြီး ၀၉-၅၀၁၂၃၃၉၊ ဦးစိုင်မိုးနိုင်
၀၉-၅၀၂၉၂၉၊ ဦးစိုးလွင် ၀၉-၅၄၀၅၃၃၂၊ ဦးဂုဏ်ရင် ၀၉-၅၄၁၂၄၆၁၀၊ ဦးမြဦး
၀၉-၇၉၉၆၈၃၅၉၃

စာအုပ်စာပေ လူမိတ်ဆွေ

နေ့တိုင်းအကြိမ် အာစရိယမောင်ပွဲ
နဘက်ကြီး၊ အ.ထ.က
တန်ဆည်မြို့နယ်
၂၀-၆-၂၀၁၅ (စနေနေ့) - နံနက် ၁၀း၀၀ နာရီ
ဆက်သွယ်ရန် - 075-49332, 075-49366
09-500159, 09-509592
09-6461243, 09-256446813

အဆင့်မြင့်အဆောင်ဌားရန်ရှိသည်
ရန်ကုန်မြို့ပေါ်ရှိ သင်တန်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ နိုင်ငံတကာ Private colleges (MIC, Gusto college, KMD, MCC, Noble college, Victoria college စသည်များ) သို့ တက်ရောက်လိုသူများအတွက် အဆင့်မြင့် ဘော်ဒါ ဆောင်ဌားသည်။
နံနက်စာ၊နေ့လယ်စာ၊ညစာ၊အဝတ်လျှော်၊မီးပူတိုက်၊အခန်းသန့်ရှင်းရေး၊လေအေးပေးစက်တပ်ဆင်ထားသောအိပ်ခန်းများ၊ကျောင်းကားများစီစဉ်ပေးသည်။
အမှတ် (၇၇)၊စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန် ဖုန်းနံပါတ် - 09 - 5055412, 09 - 73126466, 01-510367

ပြည်တွင်းရေးရာ

စက်မှုလယ်ယာစနစ်ကျ အဆင့်မြင့် လယ်ယာမြေကေ ၄၀၀၀ ဖော်ထုတ် ရန်ရှင်းလင်းဆွေးနွေး

မတ္တရာ ဇွန် ၄

အိန္ဒိယ ချေးငွေဖြင့် စက်မှုလယ်ယာစနစ်ကျ အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်းကို မတ္တရာမြို့နယ် လမိုင်းကျေးရွာအုပ်စု သမင်တွင်းကျေးရွာအုပ်စု၊ ကြားရွာကျေးရွာအုပ်စု၊ ထန်းပင်ကုန်းကျေးရွာအုပ်စု၊ စိတိုင်းကန်ကျေးရွာအုပ်စု၊ ရတနာဘုမ္မိကျေးရွာအုပ်စုတို့တွင် ၁၀ တွင်းမှ ၈က ၄၀၀၀ ကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် လည်းကောင်း၊ ရတနာဘုမ္မိ၊ ဝသုန္ဒရ၊ လမ်းမြွှေချောင်းကျေးရွာအုပ်စု သုံးအုပ်စုရှိ ကွင်းလေးကွင်းမှ ၈က ၁၄၀၀ ကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင်လည်းကောင်း ဖော်ထုတ်ဆောင်ရွက်သွား မည်ဖြစ်သည်။

ထိုကဲ့သို့ စက်မှုလယ်ယာစနစ်ကျ အဆင့်မြင့် လယ်ယာမြေ၈က ၄၀၀၀ ဖော်ထုတ်ရှင်းလင်းဆွေးနွေးပွဲကို မေ ၃၁ ရက် နံနက် ၉ နာရီက ရတနာဘုမ္မိကျေးရွာအုပ်စု၊ ငါးမင်းထောင်ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပသည့် ဆွေးနွေးပွဲသို့ စက်မှုလယ်ယာဦးစီးဌာန ပြင်ဦးလွင်ခရိုင်ဦးစီးမှူး ဦးသန်းထွန်း၊ မတ္တရာမြို့နယ်ဦးစီးဌာနမှူး ဦးကျော်စိုးထွေး၊ ပုသိမ်ကြီးမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးဝင်းနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်းတို့တက်ရောက်ခဲ့သည်။

ခရိုင်ဦးစီးမှူး ဦးသန်းထွန်းက စနစ်ကျ လယ်ယာမြေ၏ အဂါရပ်ရှစ်ရပ်၊ စနစ်ကျ လယ်ယာမြေဖော်ထုတ်မည့်လုပ်ငန်းစဉ်၊ ဖော်ထုတ်ဆောင်ရွက်မည့် ကာလနှင့် စနစ်ကျ လယ်ယာမြေ၏ အကျိုးကျေးဇူးများကို အသေးစိတ်ရှင်းလင်းခဲ့ရာ ဆွေးနွေးပွဲတက်ရောက်လာသူ တောင်သူ ၇၀ တို့မှ လုပ်ငန်းဆောင်ရွက်ရန် သဘောတူညီကြောင်း ဆန္ဒပြုလက်မှတ်ရေးထိုးကြသည်။

အလားတူ ရှင်းလင်းဆွေးနွေးပွဲကို စီတိုင်းကန်ကျေးရွာအုပ်စု မူလတန်းကျောင်းတွင် မေ ၃၁ ရက်မွန်းတည့် ၁၂ နာရီခွဲတွင် ဆက်လက်ပြုလုပ်ပြီး တက်ရောက်လာသော တောင်သူ ၉၀ ကျော်မှ သဘောတူညီကြောင်း ဆန္ဒပြုလက်မှတ်ရေးထိုးကြပြီး မတက်ရောက်နိုင်သော တောင်သူများအားလုံးကိုယ်စား သဘောထားညီညွတ်စွာဖြင့် လက်ခံသဘောတူဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြကြသည်။

ယခုဖော်ထုတ်မည့် လယ်ယာမြေများသည် ကုန်ထုတ်လမ်းမရှိခြင်း၊ ကွက်ဆင့်သောက်လယ်ယာမြေများဖြစ်၍ ရေသွင်းရေထုတ်ခက်ခဲခြင်း၊ စက်ကိရိယာများ ဝင်ထွက်ဆောင်ရွက်ရန် ခက်ခဲခြင်းတို့ကြောင့် နိုင်ငံတော်အစီအစဉ်ဖြင့် တောင်သူများအား အခမဲ့ဖော်ထုတ်ပြုပြင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် စက်မှုလယ်ယာစနစ်ကျ အဆင့်မြင့် လယ်ယာမြေ၈က ၄၀၀၀ ဖော်ထုတ်ခြင်း လုပ်ငန်းတွင် အလျား ၃၆၃ ပေ၊ အနံ ၁၂၀ ပေရှိ လေးထောင့် တစ်၈ကေကွက်များ ဖော်ထုတ်ခြင်း၊ ၁၂ ပေ အကျယ်ရှိ ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်းများ ကိုဆောင်ရွက်သွားမည်ဖြစ်ပြီး ရေသွင်းမြောင်းနှင့် ရေထုတ်မြောင်းများ ဖောက်လုပ် ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ၂၀၁၆ ခုနှစ် မတ်လအထိ လေး လအတွင်း ပြီးစီး အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

ဇင့်ထုတ်လုပ်ရေးစက်ရုံသို့ ထိန်းချုပ်ဓာတုပစ္စည်းများထားရှိမှု ကွင်းဆင်းစစ်ဆေး

လားရှိုး ဇွန် ၄

လားရှိုးမြို့ ရွှေလီ(၂) စစ်ဆင်ရေးခေါင်းဆောင် ဒုတိယရဲမှူးကြီးခိုင်စိုး၊ ခရိုင်ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး၊ လားရှိုးအထူးမူးယစ်တပ်ဖွဲ့ ရဲမှူးရဲနိုင်နှင့် အဖွဲ့ဝင်များသည် ဇွန် ၂ ရက် နံနက် ၁၀ နာရီက လားရှိုးမြို့နယ် တန့်ယန်းလမ်းခွဲ မန်ပျဉ်ကျေးရွာတွင် အကျယ်တို့ ၈က ၅၀ရှိ Cornerstone Resources Myanmar (လားရှိုး)၊ ဇင့်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်၍ ဓာတုပစ္စည်းများ ထိန်းချုပ်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

နောက် စက်ရုံတွင် အသုံးပြုနေသည့် ဓာတုပစ္စည်းများကို လူသားတို့ အညွှန့်တိုးစေမည့် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် လွဲမှားစွာ အသုံးပြုမှု မဖြစ်ပွားစေရန်အတွက် လားရှိုးအထူးမူးယစ်တပ်ဖွဲ့ရဲမှူးရဲနိုင်က အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ဟန်ဌေး(လားရှိုး)

ကျွန်းလှမြို့တွင် လျှပ်စစ်လုပ်ငန်းများ တိုးချဲ့သွားမည်

ကျွန်းလှ ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုငွေကျပ်သန်း ၉၆၀ ကျော်ဖြင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနက လျှပ်စစ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အင်းကောင်းကျေးရွာ ၁၁/သုညဒသမ ၄ ကေဒီအေတစ်လုံးနှင့် ၄၀၀ ဗို့လိုင်း (၈၇၆၀)ပေ၊ တင်းတိန်ရံနှင့် ကျောင်းအင်းကျေးရွာ ၁၁/သုညဒသမ ၄ ကေဒီ ၁၀၀ ကေဒီအေတစ်လုံး ၁၁ ကေဒီလိုင်း ၂၁၆၀ ပေ နှင့် ၄၀၀ ဗို့လိုင်း ၈၄၀၀ ပေတိုးချဲ့တည်ဆောက်မည်ဖြစ်သည်။

ယင်းအပြင် လယ်လှကျေးရွာ ၁၁/သုညဒသမ ၄ ကေဒီ ၁၀၀ ကေဒီအေတစ်လုံးနှင့် ၄၀၀ ဗို့လိုင်း ၉၀၀၀ ပေ၊ သဖန်းဆိပ် ကျေးရွာ ၁၁/သုညဒသမ ၄ ကေဒီအေတစ်လုံး ၁၁ ကေဒီလိုင်း ၉၂၀ ပေနှင့် ၄၀၀ ဗို့လိုင်း ၇၂၀၀ ပေများကို တည်ဆောက်မည်ဖြစ်သည်။

ယင်းနောက် ရွာသီအရှေ့ကျေးရွာ ၁၁/သုညဒသမ ၄ ကေဒီ ၁၀၀ ကေဒီအေတစ်လုံး ၁၁ ကေဒီလိုင်း ၆၅၀ ပေနှင့် ၄၀၀ ဗို့လိုင်း ၅၆၄၀ ပေ၊ သံဘိုကျေးရွာ ၁၁/သုညဒသမ ၄ ကေဒီ ၁၀၀ ကေဒီအေတစ်လုံး ၁၁ ကေဒီလိုင်း ၅၀၀ ပေနှင့် ၄၀၉ ဗို့လိုင်း ၅၇၆၀ ပေ၊ မကျီးအင်းကျေးရွာ ၁၁/သုညဒသမ ၄ ကေဒီ ၁၀၀ ကေဒီအေတစ်လုံး ၁၁ ကေဒီလိုင်း ၁၀၀၀ ပေနှင့် ၄၀၀ ဗို့လိုင်း ၂၆၄၀ ပေ တို့ဖြင့် တိုးချဲ့သွားမည်ဖြစ်သည်။

ဌက်ပျောတော ကျေးရွာ ၁၁/သုညဒသမ ၄ကေဒီ၁၀၀ကေဒီအေတစ်လုံး ၁၁ ကေဒီလိုင်း ၅၀၀ ပေနှင့် ၄၀၀ ဗို့လိုင်း ၂၀၄၀ ပေ၊ တပေါင်ကျေးရွာ ၁၁/သုညဒသမ ၄ ကေဒီ ၁၆၀ ကေဒီအေတစ်လုံးနှင့် ၁၁ ကေဒီလိုင်း ၉၆၀ ပေ၊ ညောင်ကိုင်းအုပ်စု၆ရွာ ၁၁/သုညဒသမ ၄ ကေဒီ ၁၀၀ ကေဒီအေနှစ်လုံး ၁၁ ကေဒီလိုင်း ၁၈၄၀ ပေနှင့် ၄၀၉ ဗို့လိုင်း ၃ မိုင် စံပြကျေးရွာ ၁၁/သုညဒသမ ၄ကေဒီ ၁၀၀ ကေဒီအေတစ်လုံး၊ ပိတောက်မြိုင် ရပ်ကွက်တွင် ၁၁/သုညဒသမ ၄ ကေဒီ ၂၀၀ ကေဒီအေတစ်လုံးတို့ကို တိုးချဲ့တည်ဆောက်သွားမည်ဟု သိရသည်။

ထို့နောက် ကုလားကုန်းကျေးရွာ ၂၅၂၀ ပေ၊ တင်ငုတ်ကြီးကျေးရွာ ၃၂၄၀ ပေ၊ စသာကုန်းနှင့် ရွာသစ်ကုန်းကျေးရွာ ၁၀၂၀၀ ပေ၊ ကျီကုန်းကျေးရွာနှင့် ပိတောက်ကုန်းကျေးရွာ ၁၀၂၀၉ ပေ၊ ဘိုကုန်းကျေးရွာ ၆၄၈၀ပေ၊ ရွှေတောင်ကျေးရွာ၃၇၂၀ပေ၊ ပေါက်ပင်ဆိပ်နှင့် ရေကင်းကျေးရွာ ၂၂၈၀ပေ၊ အင်းတိုင်းကျေးရွာ၁၄၄၀ပေ ကျောက်အိုင်ကျေးရွာ ၁၂၇၂၀ ပေ၊ ဇီးတောနှင့် ချောင်းကွေ့ကျေးရွာ၁၅၆၀ပေ၊ ကျွဲတဲကျေးရွာ ၉၁၀၀ပေ၊ ကန်ပေါက် ကျေးရွာ၂၇၆၀ပေ၊ ရှမ်းကုန်းကျေးရွာအုပ်စု၃ရွာတွင်၄၉၂၀ ပေ၊ တပူတောကျေးရွာ ၅၈၀၀ပေ၊ တောင်ယာဆိပ်ကျေးရွာ၂၁၆၀ပေ၊ စုန်တလင်းကျေးရွာ ၃၆၀၀ပေ၊ လိပ်ဆင်းတောင်ကျေးရွာ၃၃၆၀ပေ၊ လွှတ်တိုက်ကျေးရွာ၄၂၀၀ပေ(၄၀၀)ဗို့လိုင်းများတိုးချဲ့မည်ဖြစ်သည်။

မြို့လည်ပိုလ် ချုပ်လမ်းမတစ်လျှောက် ရှိ၃၃ကေဒီလိုင်းအား မြို့ ရှောင်လမ်းအပြင်ပြောင်းလဲ တပ်ဆင်သွားမည်ဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦး ကပြောသည်။

မျိုးဝင်းညီ(ကျွန်းလှ)

Toyota Allion 2011 Model
Wine Colour ယာယီနံပါတ်(205)သိန်း
Original ဝယ်ယူသည်းခံ Kilo (4 xxxx)
09-97218 3333,09-514 8079

ဟိန်း
01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့် ကားငှါးရမ်းခြင်းဝန်ဆောင်မှုများ ရနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်
လှည်းကူးမြို့ပေါ်ရပ်ကွက်၊ ရေမီးအစုံ၊ နှင်းဆီလမ်း၊ ဥယျာဉ်မြေ၊ ပေ(၄၀×၅၀) (၇၅) သိန်း၊ (၈၀)သိန်း
Ph : 09 448012251 , 09 252278945 , 09 421161198

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
စရိုးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လေယာဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ယာဉ်မောင်းအလိုရှိသည်
Tour ကားမောင်းရန်
Ph : 09 420026866
09 420026858

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်
ပြန်တမ်းပညာဒုးကို ဘန်ပိုးထားအားဒေးဒသာ
MEC
MYANMAR EDUCATION CENTRE
မြန်မာ့ပညာရေးဆောင်းပြ
ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် ကက - ၁၃/၀၂/၀၉၃
၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်မှတ်
ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ဓရေပင်လမ်းမကြီး၊ မဂ်လာဒုံမြို့နယ်၊ ရန်ကုန်မြို့
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂(က) ရပ်ကွက်၊ မဂ်လာဒုံမြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန် ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၁ ၅၅၂၀၃၊ ၀၁-၆၃၅၀၄၂
ကျောင်းပုံစံနှင့်ပြင်ဆင်မှု
ကျယ်ဝန်းသော ကိုယ်ပိုင်မြေပေါ်တွင် ကျောင်းပုံစံဆောက်လုပ်ထား၍-
• စာသင်ခန်းများ ကျယ်ဝန်းပြီး လေဝင်လေထွက်နှင့် အလင်းအား၊ အထူးကောင်းမွန်ခြင်း
• သေးကင်းလုံခြုံမှုရှိ၍ ကျယ်ဝန်းသော အားကစားကွင်း ပါရှိခြင်း
• ကျောင်းသားကျောင်းသူ ဝင်ထုံ့အားနှင့် အဆောက်အဦး၏ ခံနိုင်ရည်တို့ကို သေချာစွာ တွက်ချက်၍ ဆောက်လုပ်ထားခြင်းကြောင့် လုံခြုံစိတ်ချရမှုရှိခြင်း
• ကျောင်းဓနရာ တည်ငြိမ်မှုရှိခြင်း (မပြောင်းရွှေ့ရပါ) တို့နှင့် ပြည့်စုံပါသည်။
စာသင်ခန်းတိုင်းတွင် လေအေးပေးစက် (Air Condition) များ အပြည့်တပ်ဆင်ထားပြီး၊ သောက်သုံးရေအတွက် ရေသန့်စက် တပ်ဆင်ထားရှိပါသည်။
သင်ကြားမှုပုံစံ၊ စနစ်နှင့် ဖွဲ့စည်းပုံ
နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား၊ တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စည်းဝေါက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ (အစိုးရကျောင်းကြီးတက်ရန်နှင့် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။)
စေတနာနှင့် ဗါသနာတို့ကို အရင်းခံပြီး ထပ်ဆောင်း၍-
• အင်္ဂလိပ်စာစွမ်းရည် မြင့်မားတိုးတက်စေရန် အင်္ဂလိပ်စာ (4 skills)ကို ဖြည့်စွက်၍ သင်ကြားပေးခြင်း
• စိတ်တည်ငြိမ် နားညီမှုရှိစေရန် ပန်းချီပညာသင်ကြားပေးခြင်း
• ကိုယ်ကာယ ကျွန်းမာကြံ့ခိုင်စေရန် မြန်မာ့ရိုးရာသိုင်းပညာ သင်ကြားပေးခြင်းတို့ ပါဝင်မည် ဖြစ်ပါသည်။
နောင်အနာဂတ်တွင် နိုင်ငံ၏ သားကောင်း၊ သမီးကောင်းများ ဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည်အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမကျင့်ဝတ် ကြွေခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည် ဖြစ်ပါသည်။
တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ အငြိမ်းစား (ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ)နှင့် ပညာရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းဆရာဖြစ် မှတ်ပုံတင်လက်မှတ်ရ (Ph.D, M.Sc, M.Ed, B.Ed, M.A ဆရာ အတတ်သင်ဆင်း) ဆရာ၊ ဆရာမများ အင်အားများစွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်ကျောင်းကြီး ဖြစ်ပါသည်။
ကျောင်းဝိုင်နှင့် ဖွင့်မည့်နေ့
မနက် ၈း၀၀ မှ ၁း၃၀ နာရီအထိ၊ ဇွန်လ (၃) ရက်နေ့ ကျောင်းဖွင့်ပါမည်၊ ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိပါသည်။
မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို ပိုင်နိုင်စွာ သင်ကြားနိုင်သော အင်တွေ့အကြုံရှိ ဆရာ၊ ဆရာမများ၊ အင်္ဂလိပ်စာ 4 Skills ၊ ပန်းချီ သင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများ အလိုရှိသည်။

ကွမ်းလုံမြို့နယ်၌ ပုလဲသွယ်စပ်မျိုးစပါး၊ အစေ့ထုတ်ပြောင်းမျိုးစေ့နှင့် ဓာတ်မြေသြဇာများဖြန့်ဝေ

ကွမ်းလုံ ဇွန် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပုလဲသွယ်စပ်မျိုးစပါး၊ အစေ့ထုတ်ပြောင်းမျိုးစေ့၊ ဓာတ်မြေသြဇာများ ဖြန့်ဝေခြင်းနှင့် တောင်သူပညာပေးအခမ်းအနားကို ဇွန် ၂ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေး (ယင်းမာ) အထူးစီမံချက်အရ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးကို ကျင်းပရခြင်းဖြစ်သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဌေးလွင်က ပုလဲသွယ်စပ်မျိုးစပါး၊ အစေ့ထုတ်ပြောင်းမျိုးစေ့နှင့် ဓာတ်မြေသြဇာဖြန့်ဝေခြင်း၏ ရည်ရွယ်ချက်၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် အကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ကွမ်းလုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စုမှ တောင်သူများအား ပုလဲသွယ်စပ်မျိုးစပါး၈က ၁၀၀ စာ၊ အစေ့ထုတ်ပြောင်းမျိုးစေ့ ၈က ၅၀ စာနှင့် ဓာတ်မြေသြဇာ၈က ၂၀ စာတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများကပေးအပ်ခဲ့ပြီး သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်ပညာပေးစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအယ်လ်တိန်းဘောင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

ပဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရေစကြိုမြို့တွင် ကျင်းပ

ရေစကြို ဇွန် ၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အမှတ်(၄)ရပ်ကွက် ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့မှကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် အသံမစဲပဌာန်းမြတ်ဒေသနာတော်အား ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ပွဲအပြီး နယုန်လပြည့်နေ့က ပဌာန်းမြတ်ဒေသနာတော်၏ ဂုဏ်တော်၊ ကျေးဇူးတော်များနှင့်ပတ်သက်၍ ရေစကြိုမြို့ အောင်မြေသာယာသူဌေးတိုက် ဝန်မင်းကြီးကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဘိဝံသမှ တရားတော်များ ဟောကြား၍ လျှုဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် ပဌာန်းသိမ်းအောင်ပွဲအဖြစ် သံဃာတော်အရှင်သူမြတ် ၃၃ ပါးတို့အား စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းများကို လောင်းလှူကြကြောင်းသိရသည်။

ဖေထွေထ်ုးဇော်(ရေစကြို)

ဟိုင်းကြီးကျွန်းမြို့တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်သင်တန်း ဖွင့်လှစ်

ဟိုင်းကြီးကျွန်း ဇွန် ၄

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၁)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း အစည်းဝေးခန်းမတွင် ဇွန် ၃ ရက် နံနက် ၉ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်သင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ငပုတောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးသိန်းစိုးနှင့် အဖွဲ့ဝင်ငါးဦးတို့မှ ရပ်ကွက်၊ ကျေးရွာကော်မရှင်၊ မြို့နယ်ကော်မရှင်၊ လုပ်ငန်းလမ်းညွှန်မှာကြားချက်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူးတို့၏ လုပ်ငန်းတာဝန်များ၊ ကော်မရှင်ဥပဒေ၊ နည်းဥပဒေများ အကြောင်း ရှင်းလင်းဆွေးနွေးပို့ချသွားမည် ဖြစ်ပြီး သင်တန်းသား ၁၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဟိုင်းကြီးကျွန်း(ပြန်/ဆက်)**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို ဘိန်းအစားထိုးမျိုးစပါး၊ အစေ့ထုတ်ပြောင်းမျိုးစေ့များ ပေးအပ်

မောက်မယ် ဇွန် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို ၂၀၁၅-၂၀၁၆ ဘိန်းအစားထိုး (ပုလဲသွယ်) စပ်မျိုးစပါးနှင့် အစေ့ထုတ်ပြောင်းမျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဇွန် ၂ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်စိုးက ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်ပြီး မြို့နယ်တွင်းရှိ တောင်သူများအား ရှင်းလင်းပြောကြားသည်။

